# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ရေပြင်ကျယ်မြင်ကွင်းအလှနှင့် ကျွန်းမျော၊ ဗေဒါကင်းစင် အင်းလေးကန်ရေပြင်

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေအိုင်ကြီးတစ်ခုဖြစ်ပြီး ထူးခြားသည့် ရေဝပ်ဒေသ ဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ တည်ရှိနေမှု၊ ဆောင်းခိုငှက်များ ကျရောက်ကျက်စားမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝမှုတို့ကြောင့် ထင်ရှားသည့် ရေအိုင်ကြီးတစ်ခုဖြစ်သည်။

အင်းလေးကန်အတွင်း သဘာဝအလျောက်ဖြစ်တည်နေသည့် ကျွန်းမျောရိုင်း အပိုင်းအစများ၊ ဗေဒါပင်များ၊ ရေခြံကျွန်းမျော စိုက်ခင်းများမှ စွန့်ပစ်ကျွန်းမျောရိုင်း အပိုင်းအစများသည် အင်းရေပြင်အတွင်း ရာသီဥတုအနေအထားအလိုက် နေရာအနှံ့အပြား ပြန့်ကျဲလျက်တည်ရှိနေရာ အင်းရေပြင် အမြင်မတင့်တယ်ခြင်း၊ စက်လှေများသွားလာရန် ခက်ခဲခြင်းတို့ ကြုံတွေ့ခဲ့ရသည်။ အဆိုပါ ကျွန်းမျောရိုင်းများ၊ ဗေဒါပင်များ ရှင်းလင်းဆည်ယူနိုင်ရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစ၍ အင်းလေးကန်ရေပြင်အတွင်း ဖုန်နေရာ ခုနစ်ခုသတ်မှတ်ကာ စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ စာမျက်နှာ ၄ ကော်လံ ၁ ❑

## ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အမိန့်အမှတ်၊ ၃ /၂၀၂၂

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်များမှ ရောဂါကူးစက်မှု များပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော(၁၄)ရက်အတွင်း

စာမျက်နှာ ၃ ကော်လံ ၁*

ယနေ့ ဖတ်စရာ

**အလုပ်သမားများအား ကူညီကယ်တင်ထောက်ပံ့လျက်ရှိသော လူမှုဖူလုံရေးအဖွဲ့ (သို့မဟုတ်) မဏိမေခလာနတ်သမီး**

စာမျက်နှာ - ၆

**အိုမီခရွန် ပျံ့နှံ့နေသည့်ကြားမှ မက္ကဆီကို စီးပွားရေးတိုးတက်**

စာမျက်နှာ - ၁၂




**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ**

စာမျက်နှာ - ၉



မြန်မာ့အလင်း

# မျိုးဆက်တာဝန်ကျေပွန်၍ ကမ္ဘာ့အလယ်တင့်တယ်စေရာ

ပစ္စက္ခကာလ မြန်မာ့နိုင်ငံရေးအခြေအနေသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ မတွေ့လို၊ မကြုံလိုကြသော နိုင်ငံရေးအခြေအနေ ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော၊ ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးသို့ ဦးတည်မျှော်မှန်း အကောင်အထည်ဖော်ခဲ့ကြရာတွင် ရွေးကောက်ပွဲများမှ တက်ရောက်လာသည့် အစိုးရများလည်း နှစ်ဆက်ရှိခဲ့သည်။ ဒီမိုကရေစီအစိုးရနှစ်ရပ်တို့၏ သက်တမ်းနှစ်ခုအတွင်း မူဝါဒ ချမှတ်ပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံများ ကွဲပြားခြားနားမှုကိုလည်း ပြည်သူတို့ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် နိုင်ငံကို အလုံးစုံပျက်သုဉ်းရေးဆီသို့ တွန်းပို့နေသည့် အဖျက်အင်အားစုတို့ သည် လတ်တလောပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ရေးမဆွကပင် ကြိုတင်စီမံခဲ့သည်ဟု ယူဆဖွယ်ရာတို့ တွေ့ရသည်။ အထူးသဖြင့် ဆိုရှယ်မီဒီယာနှင့် ပြည်ဖျက်မီဒီယာများ၊ မီဒီယာသမားများကို အသုံးချကာ နိုင်ငံ၏အင်အားစုများကို ပြိုကွဲရန်၊ ပျက်စီးရန် ကြိုးပမ်းမှုများ လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်မှ စတင်ပေါ်ပေါက် လာခဲ့ခြင်းဖြစ်ပြီး ၎င်းတို့လိုလားသည့်အစိုးရ ပေါ်ပေါက်မလာသည့် ယနေ့ကာလတွင်လည်း ဆက်လက်၍ တိုင်းပြည်ဖျက်ရေး အားထုတ်နေကြဆဲဖြစ်သည်။

အဖျက်သမားတို့၏ ပထမအဖျက်လုပ်ရပ်မှာ မြန်မာလူမျိုး အများစုတို့၏ ယုံကြည်ကိုးကွယ်မှုအပေါ် ဖျက်ဆီးခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုသည် မြန်မာတို့၏ ဝိသေသ လက္ခဏာတစ်ရပ်ဖြစ်ခြင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာတို့၏ စရိုက် လက္ခဏာနှင့် ဓလေ့ထုံးတမ်းအစဉ်အလာတို့သည် ဗုဒ္ဓဘာသာ၏ အဆုံးအမများ၊ အတွေးအခေါ်များအပေါ်တွင် အခြေခံထားခြင်း ဖြစ်သည့်အတွက် ဘုရား၊ တရား၊ သံဃာတို့အပေါ် သဒ္ဓါကြည်ညိုမှု များ ပျက်ပြားစေခြင်းအားဖြင့် ယဉ်ကျေးမှုအခြေခံတို့ကိုပါ ပျက်စီးစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ နောက်ထပ်အဖျက်လုပ်ရပ် မှာ မျိုးချစ်စိတ်ဓာတ်ကို ဖျက်ဆီးခြင်းဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် (အမျိုး-ဘာသာ-သာသနာ)ဟူသည် ကျဉ်းမြောင်းသောစိတ်ဓာတ်၊ အစွန်းရောက်စိတ်ဓာတ်၊ ဖက်ဆစ်စိတ်ဓာတ်ဟူသော တလွဲ အဓိပ္ပာယ်ဖွင့်ဆိုမှုများဖြင့် သေးသိမ်စေကာ ယင်းစိတ်ဓာတ်ကြောင့် ခေတ်နောက်ပြန်ဆွဲစေသည်ဟူသော အတွေးအခေါ်အမှားကို ဗဟုသုတအားနည်းသူများအား ရိုက်သွင်းခြင်းပင်ဖြစ်သည်။ အဖျက်သမားတို့၏ နောက်ထပ်အဖျက်လုပ်ရပ်မှာ စည်းလုံး ညီညွတ်မှုကို ဖျက်ဆီးခြင်းဖြစ်သည်။ ယင်းလုပ်ရပ်သည် နယ်ချဲ့ ဝါဒီ လက်ဟောင်းလက်သစ်တို့၏ အကြိုက်ဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပျက်ပြားစေရန်အလို့ငှာ မြန်မာနိုင်ငံတွင် လူမျိုးကြီးဝါဒ ကျင့်သုံးနေသယောင်၊ လူမျိုးတစ်မျိုးက ကျန်လူမျိုး တို့အပေါ် အနိုင်ကျင့်ဗိုလ်ကျနေသယောင် နယ်ချဲ့တို့၏ လုပ်နည်း လုပ်ဟန်ဖြင့် ဝါဒဖြန့်ပေးနေခြင်းပင်ဖြစ်သည်။ အမှန်စင်စစ် လူမျိုးကြီးဝါဒသည် နယ်ချဲ့သမားတို့က အိန္ဒိယ၊ မြန်မာ စသည့် နိုင်ငံတို့ကို ကျူးကျော်ဝင်ရောက်အုပ်စိုးခဲ့စဉ်က ကျင့်သုံးခဲ့ဖူးသော ဝါဒတစ်ရပ်သာဖြစ်ပြီး ကိုလိုနီနယ်မြေများပေါ်မှ ၎င်းတို့ဆုတ်ခွာ သွားချိန်တွင် ၎င်းတို့နှင့်အတူ ပြန်ပါသွားခဲ့ပြီဖြစ်သည်။

စင်စစ်အားဖြင့် ယုံကြည်ကိုးကွယ်မှု ဘာသာတရား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ၊ မျိုးချစ်စိတ်ဓာတ်၊ စည်းလုံး ညီညွတ်မှု၊ နိုင်ငံရေးစံတန်ဖိုးများ စသည်တို့သည် နိုင်ငံတစ်နိုင်ငံ ၏ ပါဝါအရင်းအမြစ်များပင်ဖြစ်သည်။ ပါဝါအရင်းအမြစ်များ ပျက်စီးယိုယွင်းသွားသည့်အခါ ယင်းနိုင်ငံသည် ပါဝါကျဆင်းသည့် နိုင်ငံ၊ ကမ္ဘာ့အလယ်တွင် မတင့်တယ်သည့်နိုင်ငံ၊ မလေးစား မခန့် ညားစရာ မလောက်လေးမလောက်စား နိုင်ငံဘဝသို့ ကျရောက် ရမည်ဖြစ်သည်။ ယုံကြည်ကိုးကွယ်မှု ဘာသာတရားတို့ကို မြှင့်တင်ခြင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့် ရှောက်ခြင်း၊ စည်းလုံးညီညွတ်မှုတို့ ခိုင်မြဲစေခြင်းတို့သည် ပြည်သူ တို့၏ အရာသာဖြစ်ပြီး သက်ရှိရှင်သန်နေဆဲ မျိုးဆက်တို့၏ တာဝန်ဖြစ်သည့်အလျောက် ထက်ထက်သန်သန်၊ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၂ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက် (ယနေ့) ညနေ ၃ နာရီတွင် အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့၏ ပွဲစဉ်ကိုလည်း ကောင်း၊ ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် တတိယနေရာလုပွဲကို လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီတွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကိုလည်းကောင်း ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို MRTV Sports Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဗိုလ်လုပွဲကို မြန်မာ့ရုပ်မြင်သံကြား(MRTV HD) နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် ဇန်နဝါရီ ၁၈ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၁ မျိုး စုစုပေါင်း(၈၇၉၁၉.၇၉)KG၊ နယ်စပ်(ချင်းရွှေဟော်) တွင် ကုမ္ပဏီ တစ်ခုတို့မှ Oxygen Concentrator ၉၄ ခုတို့ကို ထုတ်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့၊ ဟားခါးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ နှင့် ပူတာအိုမြို့၊ ကျောက်မဲမြို့၊ နမ့်စန်မြို့၊ မိုင်းယန်းမြို့နှင့် တွန်းဇံ မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 2 | PO – Azithromycin 500 mg | 5x3's | 4000 | Ramm-awaddy |
| 3 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 4 | P.O– Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 5 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 6 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 7 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 8 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 9 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 10 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

## သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ် ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မွန်ပြည်နယ်အတွင်းရှိ ရော်ဘာခြံများနှင့် စက်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးအောင်ကြည်သိန်းတို့နှင့်အတူ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် သံဖြူဇရပ်မြို့နယ်ရှိ မင်းရွာရော်ဘာခြံ၌ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခရမ့်ရော်ဘာစက်ရုံသို့ရောက်ရှိပြီး ရော်ဘာထုတ်လုပ်နေမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်မှုဝန်ကြီးဌာနနှင့် United Agrifood Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အောင်မြင်ဖြစ်ထွန်းနေသည့် ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှုကို အားပေးကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန (မော်လမြိုင်) သို့ ရောက်ရှိပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်တို့ကိုကြည့်ရှုသည်။ ယင်းနောက် အမှတ်(၄) အရက်ချက်စက်ရုံ (မော်လမြိုင်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြု

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိမည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်အထောက်အကူပြုပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်စေရန် လေ့ကျင့်သင်ယူထားရန်လိုကြောင်း၊ လျှပ်စစ်နှင့် ပတ်သက်၍ ဓာတ်လိုက်မှု၊ ပေါ့ဆမှု၊ မီးလောင်မှုများ မဖြစ်စေရန် စနစ်တကျ စစ်ဆေးပေးရန် လိုအပ်သလို ပညာပေးဆွေးနွေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးရန်လိုကြောင်း၊ ထို့အတူ ဘွိုင်လာများကိုလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း၊ စက်မှုလုပ်ငန်းများကို စစ်ဆေးသည့်အခါ ကျန်းမာရေး၊ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အလေးထား စစ်ဆေးပေးရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွ မြန်မြန်ဆန်ဆန် ရလဒ်ကောင်းများရရှိသည်အထိ ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

### အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိ

ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံ၍ စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းလည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဒုတိယဝန်ကြီးက မွန်ပြည်နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန၏ ရော်ဘာများ စိုက်ပျိုးထုတ်လုပ်နေမှု၊ စက်ရုံများအခြေအနေ၊ ပြည်နယ်အတွင်းရှိ လူငယ် လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိနိုင်ရေးအတွက် ရော်ဘာအထူးပြု စက်မှုသင်တန်းကျောင်းကို လာမည့်နှစ်တွင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ်ရှိ ကျုံကရော်ဘာခြံသို့ ရောက်ရှိပြီး မြေကွက်လပ်နေရာများတွင် မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် အခြားနှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် အမှတ်(၂၁) အကြီးစား စက်ရုံ (သထုံ)၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

### ကျွမ်းကျင်တတ်မြောက်အောင်လေ့လာသင်ယူ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရော်ဘာအထူးပြုဘာသာရပ်များကို သင်ကြားပေးမည့် အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ) သို့ရောက်ရှိပြီး နိုင်ငံနှင့် ပြည်နယ်အတွက် အကျိုးရှိထိရောက်သည့် သင်တန်းကျောင်းဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ သမားရိုးကျ ပညာရေးစနစ်မှသည် လုပ်ငန်းကျွမ်းကျင်မှုအခြေပြုသည့် ပညာရေးနှင့် လေ့ကျင့်ရေးစနစ်ဖြစ်စေရေး ဆောင်ရွက်ရန်၊ နည်းပြဆရာ ဆရာမများ အနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ဘာသာရပ်အသီးသီးကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

** ရှေ့ဖုံးမှ*

COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများမှာလည်း တစ်ဦးမှ တစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ Stay at home အစီအစဉ်ဆောင်ရွက်စဉ် ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူစစ်ဆေးရာတွင်လည်း လွန်ခဲ့သော (၁၄)ရက်အတွင်း ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နယ်တွင် နေထိုင်သော ပြည်သူများအနေဖြင့် ၁၉-၁-၂၀၂၂ ရက်၊ နံနက်(၄)နာရီ အချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

၄။ အထက်ပါမြို့နယ်အား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာကြရမည်ဖြစ်သည်။

# မကွေးမြို့ မြို့တွင်းလမ်း သုံးလမ်းဖြစ်သည့် (အဝေရာ၊ သုခိတာ၊ ကမ်းနား)လမ်း နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ



**မကွေး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မြို့တွင်းလမ်း သုံးလမ်းဖြစ်သည့် (အဝေရာ၊ သုခိတာ၊ ကမ်းနား) လမ်း နိုင်လွန်ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မြို့နေလူဦးရေ တိုးတက်လာသည်နှင့်အမျှ မြို့ဧရိယာနယ်နိမိတ်လည်း ပိုမိုကျယ်ပြန့်လာသောကြောင့် တစ်နေရာနှင့် တစ်နေရာ၊ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် ကူးလူးဆက်သွယ်သွားလာနိုင်ရန်အတွက် မြို့တွင်းလမ်း ကောင်းမွန်ချောမွေ့မှုလည်း အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ နိုင်လွန်ကတ္တရာလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောကြောင့် ယခုလမ်းကို အမှီပြုနေထိုင်သည့် မြို့နေ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ လမ်းအင်္ဂါရပ်နှင့် မကိုက်ညီသော အရာများဖြစ်သည့် မိမိအကျိုးစီးပွားအတွက် ကျူးကျော်ထားရှိခြင်းများ မပြုလုပ်ကြစေလိုကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးမြို့စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိက လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လေတပ် စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိန်ထွန်းတို့က မြို့တွင်းလမ်း သုံးလမ်းဖြစ်သည့် (အဝေရာ၊သုခိတာ၊ကမ်းနား)လမ်း နိုင်လွန်ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓါတ်ပုံ)

အဆိုပါ မကွေးမြို့ မြို့တွင်းလမ်း သုံးလမ်းဖြစ်သည့် အဝေရာလမ်း (တောင်တွင်းလမ်းမှ မဲထီးလမ်းအထိ) ၄၇၅၇ ပေ၊ ကမ်းနားလမ်း(မဲထီးလမ်းမှ ဘုရားလမ်းဆုံအထိ) ၂၀၄၇ပေ၊ သုခိတာလမ်း (ရန်ပယ်ဈေးမြောက် ၂၄ လမ်းထိပ်မှ မဲထီးလမ်းအထိ) ပေ ၃၈၀ တို့ကို လမ်းအကျယ် ၂၄ ပေဖြင့် ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ၆၈၆ ဒသမ ၈၄ သန်းဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် လုပ်ငန်းပြီးစီးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)ပွဲစဉ် ကြည့်ရှုအားပေး





**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်မှ ၂၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့်ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ(**ယာပုံ**) ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရလဒ် သုံးဂိုး – ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ပွဲစဉ်တွင် (Women of the match) ဆု ရရှိခဲ့သည့် ရခိုင်ပြည်နယ်အသင်းမှ ကျောနံပါတ် ၁၀ မမြတ်မြတ်ငွေအား ဆုငွေကျပ် ၅၀၀၀၀၀ ကို တာဝန်ရှိသူတစ်ဦးက ပေးအပ်ချီးမြှင့်သည်။

ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းတွင်ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်ပြီး ဘောလုံးဝါသနာရှင်များအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV Sports Channel) လိုင်းမှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ ***ရှေ့ဖုံးမှ***

ယခုအခါ လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးခဲ့ပြီဖြစ်သည်။

အင်းလေးကန်အတွင်း ပြန့်ကျဲနေသည့် ကျွန်းမျောရိုင်း၊ ဗေဒါများ ရှင်းလင်းခြင်းလုပ်ငန်းကို ဌာန၏ Backhoe on Pontoon စက်ငါးစီး၊ ကုန်းရေနှစ်ထွေသွား မြေတူးစက် နှစ်စီး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကုန်းရေနှစ်ထွေသွား မြေတူးစက် တစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ရေမှော်ရှင်းလင်းခြင်းလုပ်ငန်းကိုလည်း နိုင်ငံတော်ဝန်ကြီးချုပ်က အင်းသား စာပေ၊ ယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းသို့ လှူဒါန်း ထားသည့် ဒိုက်နှင့် ဗေဒါရှင်းစက် Aquatic Weed Harvester နှစ်စီးနှင့် ဌာနပိုင်ရေမှော်ဖြတ်စက် နှစ်စီးတို့ဖြင့် လုပ်ငန်းစတင်ခဲ့သည့် အောက်တိုဘာလမှစ၍ တစ်လအတွင်း အပြီးသတ်ဆောင်ရွက်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မှ သိရသည်။

“အရင်တုန်းက အင်းရေပြင်မှာ ဗေဒါတွေ၊ ဒိုက်တွေနဲ့ ပိတ်ဆို့နေတော့ သွားရလာရတာ အဆင်မပြေပါဘူး၊ စက်လှေမောင်းတဲ့အခါမှာလည်း အခက်အခဲတွေ အများကြီးကြုံခဲ့ပါတယ်၊ အခုလို အင်းရေပြင်သန့်ရှင်းရေး ဆောင်ရွက်ပြီးတဲ့နောက်ပိုင်း သွားလာရတာ၊ စက်လှေမောင်းရတာ အဆင်ပြေလာပါတယ်”ဟု ညောင်ရွှေမြို့မှ စက်လှေမောင်းသူ ကိုတင်အောင်လွင်က ပြောသည်။

ကန်အတွင်း နေရာအတည်တကျမရှိဘဲ ပြန့်ကျဲလျက်ရှိသည့် ကျွန်းမျောရိုင်းနှင့် ဗေဒါများကို သတ်မှတ်ဇုန်နေရာ ခုနစ်ခုတွင် ခန့်မှန်းဧရိယာဧက ၄၆၅ ဒသမ ၄၃ ဧကခန့် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အင်းရေပြင်အတွင်း ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည့် ရေမှော်ပင်များကိုလည်း ခန့်မှန်းဧရိယာဧက ၂၃၄ဧကခန့် ရှင်းလင်းဆောင်ရွက်ခဲ့သည့်အပြင် အဓိကရေလမ်းမကြီးများဖြစ်သည့် နမ့်ကတ်ချောင်းရေလမ်းကြောင်းနှင့် ငါးဖယ်ချောင်း ရေလမ်းကြောင်း ဘေးဝဲယာတစ်လျှောက် ကပ်ငြိနေသည့် ကျွန်းမျောရိုင်းနှင့် ဗေဒါရှင်းလင်းခြင်းလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းဆယ်ယူဆောင်ရွက်ခဲ့သည့် ကျွန်းမျောရိုင်း အပိုင်းအစများနှင့် ဗေဒါပင်များသည် သဘာဝမြေသြဇာအဖြစ်အသုံးပြုရန် သင့်လျော်ကောင်းမွန်သည့်အပြင် လွန်ခဲ့သည့်နှစ်များက ဆယ်ယူစုပုံထားရှိသည့် ကျွန်းမျောရိုင်းနှင့် ဗေဒါများကို အင်းလေးဒေသရှိ ဒေသခံများ၊ ရေခြံစိုက်ပျိုးသည့် တောင်သူအစုအဖွဲ့များ၊ သမဝါယမအသင်းစုများက သဘာဝမြေသြဇာအဖြစ် ထုတ်ယူသုံးစွဲနေကြပြီဖြစ်သည်။

“အင်းရေပြင်သန့်ရှင်းရေး ပြုလုပ်ရာက ထွက်လာတဲ့ ဗေဒါတွေကို အကျိုးရှိအောင် အသုံးပြုဖို့အတွက် ဗေဒါမြေဆွေး အခြေခံသဘာဝမြေသြဇာ ထုတ်လုပ်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပံ့ပိုးကူညီမှုနဲ့ ဆောင်ရွက်နေပါတယ်၊ အင်းလေးကန်အတွက် အကျိုးရှိမယ့်၊ ဒေသခံလူထုအတွက် အကျိုးရှိမယ့်၊ ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချနိုင်မယ့် အခြေအနေတွေကို ရည်ရွယ်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ စွန့်ပစ်ဗေဒါကနေ သဘာဝမြေသြဇာပြုလုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အသုံးပြုခဲ့ရာ အကျိုးဖြစ်ထွန်းစေတာ တွေ့ရပါတယ်”ဟု Save The Inle Lake အဖွဲ့ ဥက္ကဋ္ဌ ဦးညီညီက ရှင်းပြသည်။

အင်းလေးကန်အတွင်းမှ ကျွန်းမျောရိုင်းနှင့် ဗေဒါပင်များ ရှင်းလင်းရာတွင် သတ်မှတ်ထားရှိသည့် ဇုန်နေရာ ခုနစ်ခုမှ ဆယ်ယူရရှိသော ကျွန်းမျောရိုင်း၊ ဗေဒါပင်များကို အင်းရေပြင်အထွက် နမ့်ကတ်ချောင်းဝ၊ မိုင်းသောက်ဈေးအဝင် ရေလမ်းထိပ်၊ ဇရပ်ကြီးကျေးရွာအနီးနှင့် လယ်သစ်ကျေးရွာအနီးတို့တွင် စုပုံထားရှိပြီး ဒေသခံတောင်သူများ သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားသည်။ အင်းလေးဒေသခံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် ယခုကဲ့သို့ သဘာဝမြေသြဇာအဖြစ် ထုတ်ယူသုံးစွဲမည်ဆိုပါက ဓာတုသုံးစွဲမှုလျော့ကျပြီး အင်းလေးကန်၏ ရေအရည်အသွေးကိုလည်း ထိခိုက်မှုလျော့နည်းစေနိုင်ကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အင်းလေးကန်အတွင်း ပြန့်ကျဲလျက်ရှိသည့် ကျွန်းမျောရိုင်း၊ ဗေဒါများကို ဆယ်ယူရှင်းလင်းဆောင်ရွက်ပြီးနောက် ဆက်လက်ပြန့်ပွားမှု၊ ပြန့်ကျဲမှုများမရှိစေရန် အင်းရေပြင်ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းကို လစဉ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာရေလမ်းကြောင်းများတစ်လျှောက် တည်ရှိနေသည့် ကျွန်းမျောရိုင်းနှင့် ဗေဒါများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဗေဒါဆယ်စက် နှစ်စီးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အင်းလေးကန်အတွင်းရှိ ကျေးရွာများ၊ ရေခြံစိုက်ခင်းများမှ ကျွန်းမျောရိုင်း၊ ဗေဒါစွန့်ပစ်မှု စနစ်တကျရှိစေရေးအတွက် စွန့်ပစ်ရန်နေရာများ သတ်မှတ်ပေးခြင်း၊ စနစ်တကျစွန့်ပစ်စေရန် ပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အင်းလေးကန်ရေပြင်သည် ဗေဒါ၊ ဒိုက်၊ ကျွန်းမျောများ ကင်းစင်ရှင်းလင်းလျက်ရှိ ပြီး ရေပြင်ကျယ်မြင်ကွင်းအလှ၊ သဘာဝ အလှတရားများ ဖြင့် ခရီးသွားဧည့်သည်များကို ဆွဲဆောင်ဖိတ်ခေါ်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။

**သတင်းဆောင်းပါးနှင့်**
**ဓာတ်ပုံ – နေမျိုးသူရိန်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ပန်းခင်းစီမံချက် လျာထားချက်ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ တက်ရောက်

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက်နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ သာသနာပြုဇေတဝိက မြို့မကျောင်းတိုက်၌ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးမှု၊ ထုတ်လုပ်နေမှုနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေမှ ပံ့ပိုးမှုဖြင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းတွင် တည်ဆောက်လျက်ရှိသော အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ ထမင်းစားဆောင်အဆောက်အအုံ တည်ဆောက်နေမှု၊ နာဂစာပေနှင့် ယဉ်ကျေးမှုအသင်း ရိုးရာကွင်းအုတ်တံတိုင်း ကာရံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပန်းခင်းစီမံချက်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားပြီး စီမံချက်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြသော ဟုမ္မလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် နာဂတိုင်းရင်းသားများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ရှမ်းတိုင်းရင်းသားများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လည်းကောင်း၊ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက ဗမာတိုင်းရင်းသားများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ချင်းတိုင်းရင်းသားများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လည်းကောင်း၊ လူမှုရေးဝန်ကြီး ဦးအေးလှိုင်က ဒေသခံပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ မြို့တော်ခန်းမအတွင်း ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တမူးမြို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တမူးမြို့ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မြို့ကြီးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇန်နဝါရီ ၁၆ ရက်က မြို့ကြီးရေလှောင်တမံသို့ ရောက်ရှိပြီး ရေလှောင်တမံ ရေဝင်ရောက်မှု၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် ရေလွှဲဆည်တို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံ ဘေးကင်းလုံခြုံရေးအတွက် စဉ်ဆက်မပြတ် စူးစမ်းလေ့လာရန် လိုအပ်ချက်များ၊ ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ဒေသနေ တောင်သူများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ရေး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



**အလေးထားဆောင်ရွက်**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန စက်မှုသီးနှံနှင့် နှစ်ရှည်ပင်များ သုတေသနဌာနခွဲ၊ စိုက်ပျိုးရေးသုတေသနခြံ၏ သုတေသန လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေမြေရာသီဥတုနှင့် ကိုက်ညီ၍ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ပြီး တောင်သူဝင်ငွေတွက်ခြေကိုက်သည့် မျိုးသန့်များ ထုတ်လုပ်ပေးရန်၊ တောင်သူများ၏ လိုအပ်ချက်အပေါ် အလေးထား ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**သင်တန်းများ ဖွင့်လှစ်ပေးရန်လို**

အလားတူ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲ၊ ပျော်ဘွယ်မြို့နယ် ချောင်းမကြီး မျိုးသန့်ခြံသို့လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရမည်းသင်းမြို့နယ် စီပင်စိုက်ပျိုးရေး သုတေသနခြံသို့လည်းကောင်း ရောက်ရှိပြီး ပိုက်ဆံလျှော်၊ ပဲတီစိမ်း၊ နှမ်း၊ စပ်မျိုးနေကြာ၊ ပဲစင်းငုံသီးနှံ သုတေသနလုပ်ငန်းများ၊ ဒေသနှင့် ကိုက်ညီသည့် အရည်အသွေးကောင်း အထွက်ကောင်းမျိုးစေ့များ မျိုးပွားထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများ၊ မျိုးရိုးဗီဇမှန်ကန်သည့် မျိုးစေ့အရည်အသွေးနှင့် ပြည့်စုံသော မျိုးစေ့များ ရရှိရေးအတွက် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တောင်သူများအတွက် စီးပွားရေး တွက်ခြေကိုက်မည့် သီးနှံမျိုးများနှင့် နည်းပညာများ ဖြန့်ဖြူးပေးရန် လိုအပ်ချက်များ၊ သရုပ်ပြပွဲများ၊ ဆွေးနွေးပွဲများ၊ တောင်သူပညာပေး သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇီဝက ဘက်စုံမွေးမြူရေးခြံ၏ ဥစားကြက်၊ အသားစားကြက်၊ ဒေသဆိတ်မျိုး၊ ဒေသနွားမျိုးများနှင့် အသားတိုးနွားများ မွေးမြူထားရှိမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်ပေါင်ဝဲမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၈**

ဆင်ပေါင်ဝဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက သာယာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး သရက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်က လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သရက်ခရိုင် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ရာ အသက်(၁၀)နှစ်ပြည့် ၂၄ ဦး၊ အသက် ၁၈ နှစ်ပြည့် ၁၁ ဦး၊လဲလှယ်မိတ္တူ ၃၂ ဦး စုစုပေါင်း ၆၇ ဦး နှင့် အိမ်ထောင်စု ၄၁ စုတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုဇယားများ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အလုပ်သမားများအား ကူညီကယ်တင်ထောက်ပံ့လျက်ရှိသော လူမှုဖူလုံရေးအဖွဲ့ (သို့မဟုတ်) မဏိမေခလာနတ်သမီး

အလုပ်သမားဝန်ကြီးဌာန

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၁၉၅၆ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် လူမှုဖူလုံရေး အဖွဲ့ဖြင့် လူမှုဖူလုံရေးစီမံကိန်းလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဖူလုံရေး စီမံကိန်းသည် အာမခံအလုပ်သမားများ၏ မကျန်းမာမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုတို့ကြောင့် လုပ်ခဝင်ငွေ လျော့နည်းခြင်း၊ ရပ်စဲခြင်းများ ဖြစ်ပေါ်သည့်အခါ အလုပ်သမားနှင့် ၎င်းအပေါ် မှီခိုနေသော မိသားစုဝင်တို့၏ စီးပွားရေး၊ လူမှုဒုက္ခများခံစားရခြင်းမှ ကာကွယ်ပေးရန် ရည်ရွယ် ဆောင်ရွက်လျက် ရှိပါသည်။

တည်ဆဲလူမှုဖူလုံရေးဥပဒေနှင့်အညီ လူမှုဖူလုံရေး အာမခံစနစ်အရ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ထည့်ဝင်ကြေးမှ စုဆောင်းရရှိသည့် လူမှုဖူလုံရေး ရန်ပုံငွေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားတို့အတွက် လူမှုဖူလုံရေးအစီအစဉ်များကို ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ လူမှုဖူလုံရေးအာမခံစနစ် ခြောက်မျိုးအနက် လက်ရှိကျင့်သုံးနေသည့် အာမခံစနစ် နှစ်မျိုးဖြစ်သည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းအာမခံစနစ် နှစ်မျိုးအတွက် အလုပ်သမား လုပ်ခလစာ၏ ၃ ရာခိုင်နှုန်းကို အလုပ်ရှင်မှလည်းကောင်း၊ ၂ ရာခိုင်နှုန်းကို အလုပ်သမားမှလည်းကောင်း ရန်ပုံငွေသို့ထည့်ဝင်၍ အာမခံအလုပ်သမားတို့အတွက် ငွေကြေးထောက်ပံ့မှုပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံး ၁၄ ရုံး၊ ခရိုင်ရုံး လေးရုံး၊ မြို့နယ်ရုံး ၇၈ ရုံး၊ အလုပ်သမားဆေးရုံကြီး သုံးရုံ၊ မြို့နယ်ဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ အလုပ်ဌာနကြီးဆေးခန်း ၅၇ ခန်း၊ ရွေ့လျားဆေးကုသယာဉ် (MMU) သုံးစီးတို့ အပြင် နိုင်ငံတကာ၌ ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်များအပေါ် လေ့လာ၍ ကျန်းမာရေးစောင့်ရှောက်မှုများကို လိုအပ်သည့် နေရာများနှင့် နယ်ပယ်တို့၌ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျန်းမာရေး ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူတို့ အကြား ခွဲခြားဆောင်ရွက်သည့် Provider-Purchaser Split System အရ ပုဂ္ဂလိကကဏ္ဍရှိ ဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ် ချုပ်ဆို၍ Fee for Service Payment ဖြင့် ဆောင်ရွက်သည့် ဆေးခန်း ၁၀ ခန်း၊ Capitation Payment ဖြင့် ဆောင်ရွက်သည့် ဆေးခန်း ကိုးခန်းတို့ဖြင့် အကျုံးဝင် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ လူမှုဖူလုံရေး စီမံကိန်း အကျုံးဝင်မြို့နယ် ၁၁၆ မြို့နယ်၌ အကျုံးဝင်အာမခံ အလုပ်သမားပေါင်း ၁,၀၅၁,၄၇၁ ဦးနှင့် အကျုံးဝင် အလုပ်ဌာနပေါင်း ၃၃,၆၃၀ ဌာနရှိပါသည်။

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ လက်ရှိဆောင်ရွက်နေသည့် အာမခံစနစ် နှစ်မျိုးပါ ဆေးကုသမှုခံယူခွင့်၊ မကျန်းမာမှု၊ မီးဖွားမှု၊ အမျိုးသမီးမီးဖွားစရိတ်၊ ကိုယ်ဝန်ပျက်မှု၊ တစ်နှစ်အောက် ကလေးမွေးစားမှု၊ ဖခင်ဘဝဖြစ်မှု၊ ဖခင်ဘဝဖြစ်မှုအတွက် မီးဖွားစရိတ်၊ မွေးကင်းစကလေး ဆေးကုသမှု ခံယူခွင့်၊ နာရေးစရိတ်၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူ အကျိုးခံစားခွင့်၊ ဆေးကုသမှု ဆက်လက်ခံယူခွင့်၊ ဆေးရုံတက်ခရီးစရိတ်စသည့် အကျိုးခံစားခွင့် အမျိုးအစား ၁၅ မျိုးနှင့် ကိုဗစ်-၁၉ ကာလအတွင်း ခွင့်ပြုထုတ်ပေးသည့် လူမှုဖူလုံရေးထောက်ပံ့ ကူညီမှု ၄၀ ရာခိုင်နှုန်းတို့ကို ခွင့်ပြုထုတ်ပေးလျက်ရှိရာ ၄/၂၀၁၄ လမှ ၁၁/၂၀၂၁ လအထိ အာမခံအလုပ်သမားများအတွက် ငွေကြေး အကျိုးခံစားခွင့် စုစုပေါင်း ငွေကျပ်သန်း **၁၅၈,၈၂၉ ဒသမ ၂၁၃** ကို ခွင့်ပြုထုတ်ပေးခဲ့ပါသည်။




အတွင်းလူနာ ၅၂,၂၈၆ ဦးနှင့် ပြင်ပလူနာ ၆,၁၈၄,၉၅၃ ဦး အာမခံအလုပ်သမား စုစုပေါင်း ၆,၂၃၇,၂၃၉ ဦး တို့အား ဆေးကုသမှုပေးနိုင်ခဲ့




အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးရန်ပုံငွေမှ ငွေကြေးအကျိုးခံစားခွင့် ငွေကျပ်သန်း ၁၅၈,၈၂၉ ဒသမ ၂၁၃ အား ခွင့်ပြုထုတ်ပေးခဲ့

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများတွင် ၄/၂၀၁၄ လမှ ၁၁/၂၀၂၁ လအတွင်း အတွင်းလူနာ ၅၂,၂၈၆ ဦးနှင့် ပြင်ပလူနာ ၆,၁၈၄,၉၅၃ ဦး စုစုပေါင်း **၆,၂၃၇,၂၃၉** ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး လိုအပ်ပါက ကျန်းမာရေး ဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပို့ကုသစေပြီး ဆေးဖိုးကုန်ကျငွေများကို ဆေးဖိုးပြန်အမ်းခြင်းလုပ်ငန်းစဉ်အရ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

အဆိုပါ ကာလအတွင်း အာမခံအလုပ်သမားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဆေးဝါးဝယ်ယူမှုအတွက် ငွေကျပ်သန်း ၄၄,၉၂၆.၀၂၀ နှင့် အခြားကျန်းမာရေး အသုံးစရိတ်အတွက် ငွေကျပ်သန်း ၁၃,၂၂၈ ဒသမ ၀၅၇ စုစုပေါင်းငွေကျပ်သန်း **၅၈,၁၅၄ ဒသမ ၀၇၇** အား သုံးစွဲခဲ့ပါသည်။

အသိပညာပေးလုပ်ငန်းများအနေဖြင့် ခေတ်မီ ICT နည်းပညာနှင့် Digital Platform များအသုံးပြု၍ လူမှုဖူလုံရေး စီမံကိန်းအကြောင်းနှင့် လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု သတင်းအချက်အလက်များအား အလုပ်သမားဝန်ကြီးဌာန၏ website (www.mol.gov.mm)၊ လူမှုဖူလုံရေးအဖွဲ့၏ website (www.ssb.gov.mm)၊ Facebook နှင့် SSB Mobile App တို့မှ တစ်ဆင့် အသိပညာပေးခြင်း၊ e-service ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဖူလုံရေးရုံးခွဲများနှင့် ဆေးခန်းများရှိ တာဝန်ခံများမှ လုပ်ငန်းဌာနများအရောက် ကွင်းဆင်း၍လည်းကောင်း၊ လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဖြူး၍လည်းကောင်း အလုပ်ရှင်၊ အလုပ်သမားများအား အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

> ❑ **လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများ တွင် ၄/၂၀၁၄ လမှ ၁၁/၂၀၂၁ လအတွင်း အတွင်းလူနာ ၅၂,၂၈၆ ဦးနှင့် ပြင်ပလူနာ ၆,၁၈၄,၉၅၃ ဦး စုစုပေါင်း ၆,၂၃၇,၂၃၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပို့ကုသစေပြီး ဆေးဖိုးကုန်ကျငွေများကို ဆေးဖိုးပြန်အမ်းခြင်း လုပ်ငန်းစဉ်အရ ခွင့်ပြုထုတ်ပေးလျက်ရှိ**

**ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုတွင် လူမှုကာကွယ်စောင့်ရှောက်ပေးမှု**

ကိုဗစ်-၁၉ ကာလအတွင်း ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံများရှိ အာမခံအလုပ်သမားများအား ၎င်းတို့ပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ် ခွင့်ပြုထုတ်ပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လုပ်ငန်းခွင်သို့ မလာရောက်နိုင်သည့် နေ့ရက်များအတွက် ဆေးခွင့်သတ်မှတ်၍ လည်းကောင်း၊ Quarantine ဝင်ရောက်ရသည့် အာမခံအလုပ်သမားများအား ဆေးခွင့်သတ်မှတ်၍လည်းကောင်း ငွေကြေးအကျိုးခံစားခွင့်အား လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်းကို မကျန်းမာမှု အကျိုးခံစားခွင့်အဖြစ် ခွင့်ပြုခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လူမှုဖူလုံရေးရန်ပုံငွေမှ လူမှုဖူလုံရေး ထောက်ပံ့ငွေ ငွေကျပ်သန်း ၇၀,၆၄၁ ဒသမ ၉၆၃ ကို ကူညီထောက်ပံ့ပေးနိုင်ခဲ့ပြီး မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းအဖြစ် ငွေကျပ်သန်း ၈၅၈ ဒသမ ၇၅၉ အား ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါသည်။

အလုပ်သမားဆေးရုံကြီးများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသနိုင်ရေးအတွက်လည်း အထူးကုဆရာဝန်များပါဝင်သည့် Local Clinical Management Committee ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမား ဆေးရုံကြီး သုံးရုံတွင် ကိုဗစ်-၁၉ သံသယလူနာများ၊ အတည်ပြုလူနာများကို လက်ခံကုသနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့် အညီ

*စာမျက်နှာ ၇ သို့*

# အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) တွင် သက်မွေးပညာရပ် ကာလတိုသင်တန်းများဖွင့်လှစ်

ဘားအံ ဇန်နဝါရီ ၁၈

**ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ၍ တစ်ဦးချင်းဝင်ငွေများ ပိုမိုမြင့်မားလာစေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) ၌ သက်မွေးပညာရပ် ကာလတိုသင်တန်းများ (၁/၂၀၂၂) ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အကျိုးကျေးဇူးများ ရရှိနိုင်**

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ခေတ်တွင် နည်းပညာနှင့် သက်မွေးပညာရပ်များသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာနေပြီ ဖြစ်ကြောင်း၊ ကာလတိုသင်တန်းများမှတစ်ဆင့် ဒေသတွင်း ကျွမ်းကျင်လုပ်သားရှားပါးမှုကို ဖြေရှင်းပေးနိုင်ပြီး စီးပွားရေးဈေးကွက်ဖော်ဆောင်မှုကို တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သက်မွေးပညာရပ်များကို သင်ယူနိုင်မှု ပိုမိုများပြားလာပြီး လုပ်ငန်းကျွမ်းကျင်လာသည်နှင့်အမျှ တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းငယ်များကို ဖော်ဆောင်ခြင်းဖြင့် မြို့ပြ၊ ကျေးလက် ကွာဟမှုနည်းပါးကာ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်တက်လာသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) ၏ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ နန်းမိုးမိုးကြည် က အသက်မွေး ဝမ်းကျောင်းများဆိုင်ရာ ကာလတိုသင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ယနေ့ဖွင့်လှစ်သည့် သင်တန်းများကို ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီတို့ကကြီးမှူး၍ပြည်နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ဘားအံ) တို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး အခြေခံ ကွန်ပျူတာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၅ ဦး၊ အမျိုးသား ဆံပင်ညှပ်သင်တန်းတွင် သင်တန်းသား ၂၀၊ အခြေခံ စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကာ သင်တန်းကြေးအခမဲ့ တစ်လသင်တန်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကာလတိုသင်တန်းများ သင်ကြားသင်ယူနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ကုန်သေတ္တာစခန်း တည်ဆောက်လို**

ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြဝတီမြို့တွင် နိုင်ငံတကာအဆင့်မီ ထောက်ပံ့ သယ်ယူပို့ဆောင်ရေးစခန်းနှင့် ကုန်သေတ္တာသိုလှောင်စခန်း တည်ဆောက်လုပ်ကိုင်လိုသည့် EVER FLOW RIVER GROUP PUBLIC CO.,Ltd အား ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကုမ္ပဏီဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦးက အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများအား နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဥက္ကဋ္ဌ ဦးကျော်လွင်ဦးက မြဝတီမြို့တွင် တည်ဆောက်အကောင်အထည်ဖော်မည့် Logistic Infrastructure လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များ ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေသည့် အသက် ၁၈ နှစ်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဉ္စမအသုတ် (ဒုတိယအကြိမ်) ထိုးနှံ

**ကျောက်ဖြူ ဇန်နဝါရီ ၁၈**

**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်ရှိပြည်သူများကို ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အဆိုပါ ခိုလှုံရာစခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဉ္စမအသုတ် (ဒုတိယအကြိမ်) ထိုးနှံပေးလျက်ရှိသည်။ (ယာပုံ)**





အဆိုပါ IDPs စခန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် ယင်းစခန်းမှ စေတနာ့ဝန်ထမ်း လူငယ်များက လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးခြင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်း ရေးသွင်းကောက်ယူခြင်းများ ဆောင်ရွက်ပြီး ကျောက်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေး ထိုးနှံပေးသည်။

ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံသူ ၁၀၀၈ ဦးရှိပြီး ပဉ္စမအသုတ် (ပထမအကြိမ်) ကာကွယ်ဆေး လာရောက်ထိုးနှံ သူ ၁၇၀ ထိုးနှံခဲ့ပြီးဖြစ်ကာ ယင်းသို့ ပထမအကြိမ် ထိုးနှံခဲ့သူများကို ဇန်နဝါရီ ၁၈ ရက်တွင် ဒုတိယအသုတ်အဖြစ် ပြန်လည်၍ ထိုးနှံပေးခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း( ပြန်/ဆက်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

၄ - ခုတင်ဆံ့ (HDU/ICU) နှင့် ၁၆ - ခုတင်ဆံ့ (Isolation Room) များကို ထားရှိဆောင်ရွက်ပေးခြင်း၊ သတ်မှတ်ထားသော ကိုဗစ်-၁၉ Centre များသို့ ညွှန်းပို့ကုသစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ထန်းတပင် အလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြု အာမခံအလုပ်သမားလူနာများကို လက်ခံထားရှိကုသနိုင်ရေး ထပ်မံတိုးချဲ့ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အပြင် အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေး ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် အရေးပေါ်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား မသမာသူများ၏ မီးရှို့မှုကြောင့် ယာယီပိတ်သိမ်းထားသည့် လူမှုဖူလုံရေးအကျုံးဝင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအား ၎င်းတို့ပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ် အလုပ်ဌာန ၂၂ ဌာနမှ အာမခံအလုပ်သမား ၁၄၄၉၄ ဦးအတွက် ငွေကျပ်သန်း ၈၂၈ ဒသမ ၅၅၁ အား စိစစ်ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် စုပေါင်းအာမခံထားသည့်စနစ်ဖြင့် လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လူမှုဖူလုံရေးစီမံကိန်း၏ လုပ်ငန်းစဉ်များကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်းပါး တင်ပြလိုက်ရပါသည်။



ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်အာမခံအလုပ်သမားတစ်ဦး၏ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၁၈၈၀၀၀၀ ခွင့်ပြုထုတ်ပေးစဉ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ ရေကူးကန်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၁၈

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မြစ်ကြီးနားမြို့၌ ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်တည်ဆောက်နေမှု၊ ရိုးရာဂျပ်ခုတ်သင်တန်းကျောင်း ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် လေဆိပ်ရှေ့ပန်းခြံဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ဇန်နဝါရီ ၁၈ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရေကူးပြေးလမ်း ၁၀ လမ်းပါ (အလျားမီတာ ၅၀၊ အနံ ၂၅ မီတာ) ရှိ ရေကူးကန်တည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း ပွဲကြည့်စင်ဆောက်လုပ်နေမှု၊ အမိုးဒိုင်းများ တည်ဆောက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ (ယာပုံ) ပြည်နယ်ဝန်ကြီးချုပ်က စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီအောင် ဆောက်လုပ်သွားရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်းရှိ ကချင်တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်သင်တန်းကျောင်းသို့ သွားရောက်ပြီး ဂျပ်ခုတ်သင်တန်းသူများ၏ ရိုးရာအဝတ်အထည်များကို ဒီဇိုင်းဖော် ဂျပ်ခုတ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာဂျပ်ခုတ်လုပ်ငန်းကို လက်ဆင့်ကမ်းဖော်ထုတ်ထိန်းသိမ်းနိုင်ရေးနှင့် သင်တန်းကျောင်းအတွင်း ပြုပြင်ဆောင်ရွက်ရန်ကိစ္စရပ်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားလေဆိပ်ရှေ့၌ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ပန်းခြံငယ်အတွင်း အလှပန်းပင်များ၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ အလှမီးတိုင်များ စိုက်ထူထားရှိမှုနှင့် လျှောက်လမ်းဆောင်ရွက်နေမှုအခြေအနေများ၊ လေဆိပ်အဝင်လုံခြုံရေးဂိတ် ပြောင်းရွှေ့ဆောင်ရွက်နိုင်ရေးတို့အတွက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လေဆိပ်ရှေ့ပန်းခြံအတွင်း လိုအပ်သည့် အလှဆင်ယင်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့ စိတ္တသုခဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ထော်အောက်ကျေးရွာရှိ သီရိမင်္ဂလာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ ဉာဏသုခကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ် အေးရိပ်သာဘုန်းတော်ကြီးကျောင်းတိုက်၊ ဘူးသီးတောင်မြို့နယ် ဓမ္မမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းတိုက်၊ စစ်တွေမြို့ ပညာတပ်ဦးဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ကုတ်မြို့နယ် သဒ္ဓမ္မရောင်ရှိန်ဘုန်းတော်ကြီး ကျောင်းတိုက်၊ ဂွမြို့နယ် တောင်ပေါ် ဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သန္တိသုခကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း၌ "သီရိမင်္ဂလာဓမ္မရတနာ" သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်လှူဒါန်းကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် အောက်ဆီဂျင် အိုးခွံ ၁၁၀၀ ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## မိုးယွန်းကြီးအင်းတွင် မှတ်တမ်းမတင်ရသေးသည့် ကြိုးကြာခေါင်းမည်း ငှက်မျိုးစိတ်သစ်တွေ့ရှိ

**ပဲခူး ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ မှတ်တမ်းတင်ထားခြင်းလုံးဝမရှိသေးသည့် ကြိုးကြာခေါင်းမည်း ငှက်မျိုးစိတ်သစ်တစ်မျိုးကို ပထမဆုံးအကြိမ်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ အဆိုပါ ဘေးမဲ့တောအတွင်းသို့ ယခုနှစ်၌လာရောက်ကျက်စားသည့် ငှက်မျိုးစိတ်များကို စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ် ပြီးခဲ့သည့် ဒီဇင်ဘာလက တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



မိုးယွန်းကြီးအင်း၏ ဆက်စပ်ဧရိယာဖြစ်သည့် လယ်ကွင်းနှင့် ငါးကန်အနီး၌ ကြိုးကြာခေါင်းမည်းငှက်နှင့် ကြိုးကြာခေါင်းနီငှက်များကို တွေ့ရစဉ်။

အဆိုပါ ငှက်မျိုးစိတ်သစ်ကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက မိုးယွန်းကြီးအင်း၏ ဆက်စပ်ဧရိယာဖြစ်သည့် လယ်ကွင်းနှင့် ငါးကန်အနီးတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကြိုးကြာခေါင်းနီ ငှက်နှင့်အတူ ရောပါလာခြင်း ဖြစ်ကြောင်း၊ ယင်းကြိုးကြာခေါင်းမည်း ငှက်မျိုးသည် အုပ်စုလိုက်နေထိုင်ကြပြီး အင်းတော်ကြီး ဘေးမဲ့တောတွင် အုပ်စုလိုက် ထောင်နှင့်ချီ၍ တွေ့ရှိရကြောင်း၊ ယခုတွေ့ရှိရာတွင် ထူးခြားချက်မှာ ကြိုးကြာခေါင်းနီနှင့် ခေါင်းမည်းရောနှောနေထိုင်ကျက်စားနေခြင်း ဖြစ်ပြီး တစ်ကောင်တည်းသာ တွေ့ရှိရခြင်းဖြစ်ကြောင်း မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး တာဝန်ခံအရာရှိထံမှ သိရသည်။

ကြိုးကြာငှက်များသည် မျိုးစဉ် Gruiformes မျိုးရင်း၊ Gruidae အုပ်စုရှိ ခြေတံရှည်နှင့် လည်ပင်းရှည် ငှက်များအုပ်စုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ကြိုးကြာမျိုးစိတ်ပေါင်း ၁၅ မျိုးတွင် Antigone၊ Balearica နှင့် Grus ဟူ၍ မျိုးနွယ် သုံးမျိုးရှိကြောင်း၊ ကြိုးကြာငှက်များသည် အန္တာတိကနှင့် တောင်အမေရိကမှလွဲ၍ တိုက်ကြီးအားလုံးတွင် နေထိုင်ကြကြောင်း၊ မြန်မာနိုင်ငံတွင် ဌာနေငှက်ဟုခေါ်သည့် ကြိုးကြာခေါင်းနီ (Sarus Crane)နှင့် ဆောင်းရာသီရောက်မှသာ မြန်မာနိုင်ငံသို့ လာရောက်တတ်သည့် ကြိုးကြာခေါင်းမည်း (ဆောင်းခိုငှက်) ဟူ၍ မျိုးစိတ်နှစ်မျိုး တွေ့နိုင်ကြောင်း၊ အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(International Union for Conservation of Nature-IUCN) ၏ အန္တရာယ်ရှိ အဆင့်စာရင်း (Red List) အရ ဆိုလျှင် မြန်မာနိုင်ငံ၏ ကြိုးကြာခေါင်းနီသည် မျိုးသုဉ်းရန် အန္တရာယ် ကျရောက်နိုင်သော (Vulnerable) အဆင့်တွင် ရှိပြီး ကြိုးကြာခေါင်းမည်း (ဆောင်းခိုငှက်)မှာ မျိုးသုဉ်းရန် မစိုးရိမ်ရသေးသော မျိုးစိတ် (Least Concern) အဆင့်၌သာရှိသော ငှက်မျိုးစိတ်ဖြစ်ကြောင်း အဆိုပါ ငှက်မျိုးစိတ်များကို လေ့လာသုတေသနပြုနေသူ ပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ငှက်များ ပျံသန်းနားခိုရာဧရိယာအတွင်း ကျရောက်လျက်ရှိသဖြင့် ငှက်မျိုးစိတ်များ အများဆုံး ဝင်ရောက်တတ်သကဲ့သို့ ဆောင်းရာသီ ကာလတစ်လျှောက်လုံး နေထိုင် ကျက်စားခြင်းဖြစ်ကာ မတ်လနှင့်ဧပြီလတို့တွင် ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။ **ပိန်းဇလုပ်သိန်းညွန့်**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မည့် အားကစားသမားများအား အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ခြင်းနှင့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရောဝတီတိုင်းဒေသကြီး ယူ-၂၃ လေ့လှော်အသင်း၊ ယူ-၁၈ ပြေး၊ ခုန်၊ ပစ်အသင်းနှင့် ယူ-၂၅ စက်ဘီးအသင်းအား အောင်နိုင်ရေး အလံပေးအပ်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် အာရှနှင့်အရှေ့တောင်အာရှအဆင့်တွင် ဆုရရှိသည့် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသားအားကစားသမား ၁၈ ဦးနှင့် အမျိုးသမီးအားကစားသမား ၁၂ ဦးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ယူ-၂၃ လေ့လှော်အသင်း၊ ယူ-၁၈ ပြေး၊ ခုန်၊ ပစ်အသင်းနှင့် ယူ-၂၅ စက်ဘီးအသင်းတို့အား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး (ယာပုံ) နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၂၁၁၄ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၃၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၇၁၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဒေသခံပြည်သူ ၁၂၃၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၀၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၃၆၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၆၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၃၄၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့၌ သံဃာတော် သုံးပါး၊ ဒေသခံပြည်သူ ၇၈၇ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၁၃၂ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၉၀၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၁၇၆ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီးတစ်ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ် အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ 

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

❒ *ကျောဖုံးမှ*

ယာဉ်အမှတ်၊ 1F/8750 (YUTONG Bus) ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်ဆောင်လာသည့် ဖုန်းမျိုးစုံ ၁၇၀၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀,၆၄၄,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော YUTONG Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀,၀၀၀,၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀,၆၄၄,၀၀၀ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် မြို့မ(တောင်) ဘိနယ်စခန်းကြီး ကျေးရွာအနီးတွင် တရားမဝင်သစ် ပိတောက်ခွဲသား ၇ ဒသမ ၃၀၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၆၅၄,၁၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်နှင့် မော်ကျွန်းမြို့နယ်များအတွင်း တရားမဝင် သစ်ခွဲသားမျိုးစုံ ၁၇၂ ဒသမ ၀၈၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂,၁၇၇,၂၄၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်းရှိ တရားမဝင် ကျွန်းသစ် ၁၀ ဒသမ ၀၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၀၁၉,၃၀၀)နှင့် အခြားသစ်မျိုးစုံ ၀ ဒသမ ၉၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂,၁၀၀) စုစုပေါင်း တရားမဝင်သစ်မျိုးစုံ ၁၀ ဒသမ ၉၂၇ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂,၁၁၁,၄၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် တရားမဝင်သစ်မျိုးစုံ ၁ ဒသမ ၂၇၅ တန်နှင့် ဂျင်ဒေါင်း အင်ဂျင် ၂၅ ကောင် အင်ဂျင် တစ်လုံး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇,၆၆၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိသော သစ်များကို တွေ့ရစဉ်။

သို့ပါ၍ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခြောက်မှု စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၈,၇၅၄,၄၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဇေယျာသီရိ၌ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဇေယျာသီရိ ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို စည်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်က ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် စီမံချက်အရ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် ပြည်သူများအနေဖြင့် မြို့နယ်ရုံးသို့ လာရောက်ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ပြည့်ပြည့်ဝဝ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ တန်ဖိုး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်မှသာ နိုင်ငံသား အခွင့်အရေးကို ပြည့်ပြည့်ဝဝ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းပြုလုပ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၃ ကတ်ကို စည်ပင်ကြီးကျေးရွာအုပ်စုမှ ပြည်သူများထံ ပေးအပ်သည်။




မြို့နယ်(ပြန်/ဆက်)

## ပန်းတနော်မြို့နယ် ကျုံတိုင်းကြီးချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**မအူပင် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင် မြစ်ချောင်း အင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရန်တို့ကို ရည်ရွယ်၍ ပန်းတနော်မြို့နယ် ကျုံတိုင်းကြီးကျေးရွာအုပ်စု ကျုံတိုင်းကြီးချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျုံတိုင်းကြီးချောင်းတွင် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယစီမံအုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်စိစစ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရေလုပ်သားများနှင့် ငါးမွေးတောင်သူများက နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ နှစ်သိန်းငါးသောင်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းငါးသောင်းအား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ဇီဝမျိုးစုံ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**



# သီပေါမြို့နယ်၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**သီပေါ ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် အသက် ၈၅ နှစ်အထက် အဘိုးအဘွားများအား ကျန်းမာရေးကောင်းမွန်၍ အာဟာရဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် အမျိုးသားလူမှုရေးပင်စင် ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အိမ်တိုင်ရာရောက် ကွင်းဆင်းပေးအပ်သည်။

ထိုသို့ ထောက်ပံ့ငွေပေးအပ်ရာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမသုံးလပတ်ဖြစ်သည့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေးငွေ တစ်လလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့်သုံးလစာ ငွေကျပ် သုံးသောင်းစီကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ သီပေါမြို့နယ်၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွား စုစုပေါင်း ၂၄၉ ဦးရှိပြီး ၎င်းတို့အား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးဝန်ထမ်းများမှတစ်ဆင့် ဆက်လက်ထောက်ပံ့ပေးလျက်ရှိကြောင်း မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်စမ်းစမ်းသွယ်ထံမှ သိရသည်။

**စိုင်း(သီပေါ)**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကူရတ်(Kurash)အားကစားနည်း ရွှေတံဆိပ်ဆု ဆွတ်ခူးရန် မျှော်မှန်း

ရန်ကုန် ဇန်နဝါရီ ၁၈

**ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား (ဆီးဂိမ်း)ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ ကူရတ်(Kurash)အားကစားနည်းတွင် ကစားသမား အများအပြားဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးရန် မျှော်မှန်းထားကြောင်း သိရသည်။**

"ကူရတ်က ဂျူဒိုနဲ့ ဘာကွာမလဲဆိုတော့ ကူရတ်က လုံးဝ အောက်ပိုင်းမပါဘူး၊ အပေါ်မှာပဲ အောက်ကျရင် ကျောနဲ့ကျရင် အမှတ်ရမယ်။ အဲဒါပဲ ကွာတာဖြစ်တဲ့အတွက် ကူရတ်ကိုပါ နိုင်ငံတော်အတွက် ဆုတံဆိပ် မျှော်မှန်းလို့ရမှာ ဖြစ်တဲ့အတွက် အားကစား သမားတွေအတွက် အခွင့်အရေးတစ်ခု ဖြစ်လာမယ်။ အဲဒါကြောင့် ဒီနှစ်ဆီးဂိမ်းကို ကူရတ်ပါ ဝင်ပြိုင်မယ်။ ဒီနှစ်မှာ ဘာထူးခြားမှုရှိလဲဆိုတော့ ကူရတ်ကို လူအင်အားအများဆုံးနဲ့ ပထမဆုံးအကြိမ် ပြိုင်တာပေါ့။ ပြီးခဲ့တဲ့ ဖိလစ်ပိုင်ဆီးဂိမ်းမှာတော့ ပထမဆုံးအကြိမ် ကူရတ်ပြိုင်တယ်။ အဲဒီတုန်းကတော့ နပန်းအဖွဲ့ချုပ်အနေနဲ့ပဲ ဂျူဒိုသမားကို ခေါ်ပြီး ပြိုင်တာပေါ့။ အလွတ်တန်းမှာ တတိယရခဲ့တယ်။ ဒီနှစ်မှာတော့ ယောကျ်ားလေး နှစ်တန်း၊ မိန်းကလေး လေးတန်း ပြိုင်ဖို့ လျာထားတယ်။ ကူရတ်အားကစားနည်းမှာ မိန်းကလေးတွေကိုတော့ ရွှေရဖို့ မျှော်လင့်ထားတယ်"ဟု မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးက ပြောသည်။

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင် ကျင်းပသွားမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ ကူရတ် (Kurash) အားကစားပြိုင်ပွဲတွင် အမျိုးသား ဝိတ်တန်း ငါးတန်း၊ အမျိုးသမီး ဝိတ်တန်း ငါးတန်း၊ ဂျူဒိုပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ဝိတ်တန်း ငါးတန်း၊ အမျိုးသမီးတစ်ဦးချင်း ဝိတ်တန်း ငါးတန်း၊ Mix Team ပြိုင်ပွဲတွင် အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ဖိလစ်ပိုင်ဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ခတ္တ (Kata) အားကစားနည်းမှာမူ ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း သိရသည်။

လက်ရှိတွင် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ဂျူဒို အားကစားသမားများ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) တွင် လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

❖ *ကျော့ဖုံးမှ*

လုယက်မှုများ ကျူးလွန်လျက်ရှိသည်။

ထိုကဲ့သို့ လုယက်မှုများ ကျူးလွန်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ UAB ဘဏ်အား သေနတ်အတုဖြင့် ဝင်ရောက်လုယက်သူ ဒုစရိုက်သမား တစ်ဦးကို ဘဏ်ဝန်ထမ်းနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၃)ရပ်ကွက်၊ ကမ်းနားလမ်းနှင့် (၁၉)လမ်းထိပ်ရှိ UAB ဘဏ်၌ ဘဏ်ဝန်ထမ်းများဖြစ်သည့် သန်လျင်မြို့နယ် တာဝရပ်ကွက်နေ ဘဏ်မန်နေဂျာ ဒေါ်ခင်ချိုချို (၃၆)နှစ် (ဘ)ဦးစိုးအောင်ပါ ဘဏ်ဝန်ထမ်း ကိုးဦးနှင့် ဘဏ်လုံခြုံရေးဝန်ထမ်း တစ်ဦးတို့သည် ဘဏ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် အမျိုးသား တစ်ဦးက ဘဏ်အတွင်းသို့ ဝင်ရောက်လာပြီး ဘဏ်လုံခြုံရေး ဝန်ထမ်းအား သေနတ်ပြခြိမ်းခြောက်၍ ငွေထုတ်ငွေသွင်းကောင်တာတွင် အသင့်ရှိနေသည့် ငွေကျပ် ၇၉၇၅၀၀၀ ကို ကျောပိုးအိတ်အတွင်း ထည့်၍ ဘဏ်အပြင်ဘက်သို့ ပြန်လည်ထွက်ခွာရန် ပြုလုပ်စဉ် ဘဏ်ဝင်ပေါက် တံခါးအနီးအရောက်၌ ဘဏ်လုံခြုံရေးဝန်ထမ်းနှင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်သူကို အချိန်တိုအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဘဏ်ဝန်ထမ်းများကို သေနတ်အတုဖြင့် ခြိမ်းခြောက်၍ ငွေများလုယက်မှုကျူးလွန်ခဲ့သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ အမှတ် (၁၂၄) နေ ထွန်းထွန်း (၃၉)နှစ် (ဘ) ဦးထွန်းဝင်းကို ၎င်းလုယက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုကော်သေနတ်အတု တစ်လက်၊ ငွေကျပ် ၇၉၇၅၀၀၀ တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ ဘဏ်ဝန်ထမ်းများကို သေနတ်အတုဖြင့် ခြိမ်းခြောက်လုယက်မှု ကျူးလွန်ရာမှ ဘဏ်ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့သူ တရားခံ ထွန်းထွန်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ ထွန်းထွန်း

✪ *ကျော့ဖုံးမှ*

တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် လီဗာပူးအသင်းမှ ဆာလာနှင့် ပီအက်စ်ဂျီအသင်းမှ မက်ဆီတို့ကို ကျော်ဖြတ်ကာ အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လီဝမ်ဒေါစကီးသည် ၂၀၂၀ ပြည့်နှစ်ကလည်း အဆိုပါဆုကို ဆွတ်ခူးရရှိထားသည်။

ထို့အပြင် လီဝမ်ဒေါစကီးသည် ပြီးခဲ့သည့်နှစ်တွင် ဂတ်မူလာ၏ ၄၉ နှစ်ကြာ စံချိန်တင်ထားခဲ့သော ပြက္ခဒိန်တစ်နှစ်အတွင်း ဘွန်ဒက်စ်လီဂါ သွင်းဂိုးအများဆုံးကို ၃၄ ပွဲကစားပြီး ၄၃ ဂိုးဖြင့် ချိုးဖျက်ထားနိုင်ခဲ့သူလည်း ဖြစ်သည်။ ဖီဖာမှပေးအပ်ချီးမြှင့်သည့် ၂၀၂၁ ခုနှစ် အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ဘာစီလိုနာနှင့် စပိန်ကွင်းလယ်ကစားသမား ပူတဲလပ်စ်က ဆွတ်ခူးရရှိခဲ့သည်။ ပူတဲလပ်စ်သည် ပြီးခဲ့သည့်ရာသီတွင် ဘာစီလိုနာအသင်းကို ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်အောင် ကူညီပေးထားနိုင်သူဖြစ်သည်။

ချယ်ဆီးနည်းပြ တူချယ်သည် စတန်းဖို့ဒ်ဘရစ်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ချယ်ဆီးအသင်းကို ချန်ပီယံလိဂ်ဖလား ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူ ဖြစ်သည်။ ထို့အပြင် ချယ်ဆီးအမျိုးသမီးအသင်းနည်းပြဖြစ်သူ အမ်မာဟေးလ်သည်လည်း အမျိုးသမီးချယ်ဆီးအသင်းကို အမှတ်ပေးဖလား ဆွတ်ခူးနိုင်အောင် စွမ်းဆောင် ပေးထားနိုင်သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲသို့ရောက်ရှိအောင်ကူညီပေးထားနိုင်သူ ဖြစ်သည်။

ချယ်ဆီးဂိုးသမား မန်ဒီသည် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်မှု အပါအဝင် စတန်းဖို့ဒ်ဘရစ်တွင် လက်စွမ်းပြသထားနိုင်မှုကြောင့် အကောင်းဆုံး ဂိုးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ လက်ရှိဆီဗီလာအသင်းတွင် ကစားလျက်ရှိသော စပါးကစားသမားဟောင်း လာမယ်လာက ပွတ်စ်ကပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံး အမျိုးသမီးဂိုးသမားဆုကို အန်လာ၊ အကောင်းဆုံးပရိသတ်ဆုကို ဒိန်းမတ်နှင့် ဖင်လန်၊ အထူးဆုကို စီရော်နယ်ဒို၊ အကောင်းဆုံး Fair Play Award ဆုကို ဒိန်းမတ် အသင်း/ ဒိန်းမတ်ဆေးအဖွဲ့နှင့် နည်းပြအဖွဲ့ဝင်များက ဆွတ်ခူးနိုင်ခဲ့သည်။ **အောင်ဇော်**

❍ *ကျော့ဖုံးမှ*

ကစားသမား ၃၀ ရွေးချယ်ထားပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလက ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ဖွဲ့စည်းထားပြီး ယူ-၁၉ လက်ရွေးစင်အသင်းမှ ကစားသမားများ ပါဝင်သလို စပိန်ဒုတိယတန်းကလပ် လီဟာနက်စ်လူငယ်အသင်းတွင် ကစားနေသည့် တောင်ပံတိုက်စစ်ကစားသမား အာသာဖလည်း ပါဝင်လျက်ရှိသည်။ မြန်မာ ယူ-၂၃ အသင်းသည် အာဆီယံပြိုင်ပွဲအပြီးတွင် ဆီးဂိမ်းပြိုင်ပွဲအတွက် ထပ်မံပြင်ဆင်ရမည်ဖြစ်သောကြောင့် ပြိုင်ပွဲနှစ်ခုစလုံးတွင် အသုံးပြုနိုင်မည့် ကစားသမားများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဘူလ်ဂေးရီးယား နိုင်ငံသား ပိုပေါ့ဗ်က တာဝန်ယူကိုင်တွယ်နေပြီး ဇန်နဝါရီ ၁၀ ရက်တွင် စတင်လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။ ပိုပေါ့ဗ်သည် အာဆီယံ ယူ-၂၃ ပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအသင်းကို နှစ်ကြိမ်ဆက် ကိုင်တွယ်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်ကလည်း ယင်းပြိုင်ပွဲ နှစ်ခုစလုံး ယှဉ်ပြိုင်ခဲ့ရသည်။

အာဆီယံ ယူ-၂၃ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ) တွင် အင်ဒိုနီးရှား၊ မလေးရှား၊ လာအိုအသင်းတို့နှင့် ပါဝင်နေသည်။ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲကိုမူ ယင်းရက်ထက်စော၍ ပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၉ အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် အုပ်စုမှထွက်ခဲ့ရသော်လည်း ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်း ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိခဲ့သည်။

**ရဲရင့်လွင်**

# အမေရိကန်ရှိ ဘိုးဘွားရိပ်သာများတွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးမှုများပြား

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်နိုင်ငံတစ်ဝန်း အိုမီခရွန်ကူးစက်မှုများပြားလာချိန်တွင် ဘိုးဘွားရိပ်သာများတွင်လည်း ကူးစက်မှုများ တစ်ဖန်မြင့်မားလာကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ )အချက်အလက်များအရ သိရသည်။

ဘိုးဘွားရိပ်သာတွင် နေထိုင်ကြသူများ၌ ကိုဗစ်-၁၉ကူးစက်ခံရသူ ၃၂၀၀၀ ကျော်ရှိပြီး ယခင်လကနှင့် နှိုင်းယှဉ်လျှင် ခုနစ်ဆနီးပါးတိုးလာခြင်းဖြစ်သည်ဟု စီဒီစီ၏အချက်အလက်များအရ သိရသည်။

သီတင်းပတ်တစ်ပတ်အတွင်း ဘိုးဘွားရိပ်သာ၌ နေထိုင်ကြသူများအနက် ကိုဗစ် -၁၉ ကြောင့်သေဆုံးသူဦးရေမှာ ၆၄၅ ဦး ရှိကြောင်း သိရသည်။

ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၃၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ အိုမီခရွန်ကူးစက်မှုများ တိုင်းပြည်အနှံ့ပျံ့နှံ့လာချိန် လူသေဆုံးမှုများပို၍ များပြားလာမည်ကို ကျန်းမာရေးကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။

ဘိုးဘွားရိပ်သာများ၌ ရောဂါကူးစက်မှုများ များလာရာ ရိပ်သာမှ ဝန်ထမ်းများက လာရောက်လည်ပတ်သူဦးရေကိုလျှော့ချခြင်း၊ လူအချင်းချင်း ခပ်ခွာခွာနေကြရန် သတိပေးထားခြင်းနှင့် ဘိုးဘွားရိပ်သာတွင် နေထိုင်ကြသူများနှင့် ဝန်ထမ်းများ တတိယအကြိမ် ကာကွယ်ဆေးထိုးကြရန် တိုက်တွန်းမှုများ ပြုလုပ်ထားသည်။

**ဆင်ဟွာ**




ကယ်လီဖိုးနီးယားပြည်နယ်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

# အိုမီခရွန်ပျံ့နှံ့နေသည့်ကြားမှ မက္ကဆီကို စီးပွားရေးတိုးတက်

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၈**

ကိုဗစ် - ၁၉ မျိုးကွဲဖြစ်သည့် အိုမီခရွန်ကူးစက်မှု မက္ကဆီကိုနိုင်ငံတွင် ပေါ်ပေါက်နေသော်လည်း မက္ကဆီကိုနိုင်ငံ၏ စီးပွားရေး ပြန်လည်နာလန်ထူမှု လမ်းကြောင်းမှာ အရှိန်ကောင်းနေဆဲဖြစ်သည်ဟု သမ္မတ အန်ဒရက်စ် မန်နျူရယ်လိုပက်ဇ် အော်ဘရာဒိုက ဇန်နဝါရီ ၁၇ ရက်တွင်ပြောသည်။



မက္ကဆီကိုသမ္မတ အန်ဒရက်စ် မန်နျူရယ်လိုပက်ဇ် အော်ဘရာဒို

ကိုဗစ် -၁၉ ကူးစက်မှု လှိုင်းရှိနေသော်လည်း စီးပွားရေး ကြီးထွားလာမှုမှာ ရပ်တန့်မသွားသေးကြောင်း မက္ကဆီကိုသမ္မတ သတင်းထောက်များကို ပြောသည်။ မက္ကဆီကိုသမ္မတ လိုပက်ဇ်မှာ ကိုဗစ် - ၁၉ ဒုတိယအကြိမ် ကူးစက်ခံရပြီး ခြောက်ရက်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်ခံရပြီးနောက် သတင်းထောက်များကို ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုဗစ် -၁၉ ကူးစက်မှုလှိုင်းသစ်ကြောင့် စားသောက်ဆိုင်များနှင့်အခြားသောကဏ္ဍများတွင် ထိခိုက်မှုများရှိသော်လည်း ထိုအခြင်းအရာများကို ဖြတ်ကျော်သွားနိုင်မည်ဟု ယုံကြည်ချက်ရှိကြောင်း ၎င်းကဆက်ပြောသည်။

ဒယ်လ်တာဗိုင်းရပ်စ် ကူးစက်စဉ်ကာလ အချို့သောစီးပွားရေးကဏ္ဍများတွင် တစ်စိတ်တစ်ပိုင်း ပိတ်မှုများ ပြုလုပ်ခဲ့ရသည့်အတွက် အလုပ်သမားလျှော့ချမှုများ ပြုလုပ်ခဲ့ရသည်။

ယခု တစ်ကြိမ်တွင်လည်း ကုမ္ပဏီများကယင်းသို့လုပ်ဆောင်ရန်မလိုကြောင်း မက္ကဆီကိုသမ္မတက ပြောသည်။ အိုမီခရွန်မှာ ဒယ်လ်တာမျိုးကွဲလောက် ပြင်းထန်မှုမရှိကြောင်း၊ ရောဂါလက္ခဏာခံစားရမှုနှင့် ပြန်လည်နာလန်ထူသည့် အချိန်တို့မှာလည်းတူညီမှုမရှိကြောင်း ၎င်းက ဆက်ပြောသည်။ ၂၀၂၁ ခုနှစ်တွင် မက္ကဆီကို နိုင်ငံ၏စီးပွားရေးမှာ ၆ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မက္ကဆီကို အစိုးရက ခန့်မှန်းခဲ့သည်။ ကနဦး စီးပွားရေးတိုးတက်မှု အချက်အလက်များကို ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်တွင် ငလျင်လှုပ်ခတ် သေဆုံးသူ ၁၂ ဦးထက်မနည်းရှိ

**ကဘူးလ် ဇန်နဝါရီ ၁၈**

အာဖဂန်နစ္စတန် အနောက်ပိုင်းပြည်နယ် ဘတ်ဂျစ်တွင် ပြင်းအား ၅ ဒသမ ၆မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများပြားကြောင်း ဇန်နဝါရီ ၁၇ ရက်တွင် ဒေသခံအာဏာပိုင်တစ်ဦးက ပြောသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး နေအိမ်အများအပြား ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည်။ ငလျင်ကြောင့်ပျက်စီးမှု အရေအတွက်မှာ ထပ်မံမြင့်မားလာနိုင်ခြေရှိသည်ဟုလည်း သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။ ပထမငလျင်လှုပ်ခတ်ပြီးနောက် နောက်ထပ်ငလျင်ငယ်များလှုပ်ခတ်မှုကိုလည်း ခံစားခဲ့ရသည်ဟု သိရသည်။ ငလျင်ဒဏ် အဆိုးဆုံးခံစားခဲ့ရသည့်နေရာများမှာ ဘတ်ဒရပ်၊ ဒါဘန်အီ ဆာဖက်နှင့် ခတ်ပိုလက်ခ် ဒေသတို့ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အစ္စရေးနိုင်ငံ၏ အလုပ်လက်မဲ့ပမာဏ ၆ ရာခိုင်နှုန်းကျဆင်း

**ဂျေရုဆလင် ဇန်နဝါရီ ၁၈**

အစ္စရေးနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေမှာ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၂၆၂၀၀၀ အထိကျဆင်းခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ခြောက်ရာခိုင်နှုန်းကျဆင်းသွားသည်ဟု စာရင်းအင်းအချက်အလက်ရုံးက ဇန်နဝါရီ ၁၇ ရက်တွင် ပြောသည်။ ၂၀၂၀ ပြည့်နှစ် မတ်လနှောင်းပိုင်းမှ စတင်ကာ ယခုအချိန်သည်အလုပ်လက်မဲ့ရာခိုင်နှုန်း အနိမ့်ဆုံးပမာဏဟု သိရသည်။ ကပ်ရောဂါ စတင်ဖြစ်ပွားစဉ်က တစ်လအတွင်း အလုပ်လက်မဲ့ ရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းအထိ ခုန်တက်ခဲ့ပြီး လူပေါင်းတစ်သန်းကျော်မှာ အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အစ္စရေးနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှု စတင်တွေ့ရှိခဲ့သည်။ **ဆင်ဟွာ**

# တိုကျိုမြို့တွင် ကိုဗစ် – ၁၉ ကြောင့် နေအိမ်၌ပင်နေရန် အသွားအလာကန့်သတ်ထားသူဦးရေ ၁၀၀၀၀ ကျော်ထိရှိလာ

**တိုကျို ဇန်နဝါရီ ၁၈**

ဂျပန်နိုင်ငံတိုကျိုမြို့တွင် ကိုဗစ် – ၁၉ ကူးစက်ခံရသည့်အတွက် နေအိမ်၌ပင် သီးခြားခွဲနေရန် ကန့်သတ်ထားသည့် ဦးရေမှာ ၁၀၀၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိုမီခရွန်ကူးစက်မှုများကြောင့် ကူးစက်ခံရသူအရေအတွက် များပြားလာခြင်းကြောင့်လည်း ဖြစ်သည်။ ဇန်နဝါရီ ၁၇ ရက်တွင် နေအိမ်၌ သီးခြားနေရန် ကန့်သတ်ခံထားရသူဦးရေ ၁၀၈၁၄ ဦး ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၁ ရက်မတိုင်မီ လွန်ခဲ့သည့်နှစ်လခန့်က တိုကျိုမြို့၌ ရောဂါကူးစက်မှုကြောင့် နေအိမ်၌သာနေရန် ကန့်သတ်ခံထားရသူဦးရေမှာ ၁၀၀ အောက်လျော့နည်းခဲ့သည်။ သို့သော်လည်း ဇန်နဝါရီ ၉ ရက်တွင် ၁၀၀၀ ရှိခဲ့ပြီး ယင်းနောက် ၅၀၀၀ အထိ တစ်ရှိန်ထိုးမြင့်မားလာခဲ့သည်။ ပြီးခဲ့သည့် နွေရာသီနှင့်မတူညီသည်မှာ နေအိမ်၌သာနေရန်ကန့်သတ်ခံထားရသူများမှာ ရောဂါလက္ခဏာအပျော့စားများသာပြသသူများဖြစ်သည်။

သို့သော်လည်း နေအိမ်၌သာနေရင်း အခြားသောမိသားစုဝင်များထံ ရောဂါကူးစက်မည်ကိုလည်း ကျန်းမာရေးအာဏာပိုင်များက စိုးရိမ်နေကြသည်။ တိုကျိုမြို့အစိုးရကလည်း ရောဂါကူးစက်ခံရသူများအတွက် နေရာထိုင်ခင်းပြင်ဆင်မှုများတိုးမြှင့်လျက်ရှိပြီး နေအိမ်၌သာသီးခြားနေမည့်အစား အဆိုပါနေရာများသို့ လာရောက်ကြရန် တိုက်တွန်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံ တိုကျိုမြို့မှ လမ်းသွားလမ်းလာများကို တွေ့ရစဉ်။

# တောင်ကိုရီးယား၌ အိုမီခရွန်ဗိုင်းရပ်စ်သစ်သည် မကြာတော့သောအနာဂတ်ကာလတွင် လွှမ်းမိုးလာမည့် အသွင်ပြောင်းဗိုင်းရပ်စ်မျိုးကွဲတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များပြော

ဆိုးလ် ဇန်နဝါရီ ၁၈

**တောင်ကိုရီးယားနိုင်ငံတွင် ဇန်နဝါရီ ၁၇ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၄၀၇၂ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀၀၁၀၂ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။**

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ အမြင့်ဆုံး ကူးစက်ဖြစ်ပွားသူအရေအတွက် ၃၈၅၈ ဦးထက် မြင့်တက်ခဲ့ပြီး အိုမီခရွန်ဗိုင်းရပ်စ်သစ်သည် မကြာတော့သော အနာဂတ်ကာလတွင် လွှမ်းမိုးလာမည့် အသွင်ပြောင်းဗိုင်းရပ်စ်မျိုးကွဲ တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၆၈၄ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၁၄၇၀ မှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၁၇၇ ဦးမှာ အင်ချွန်မှဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၃၀၉ ဦးမှာ ပြည်ပကူးစက်ဖြစ်ပွားသူများဖြစ်ပြီး စုစုပေါင်း ပြည်ပကူးစက်ဖြစ်ပွားသူအရေအတွက် ၂၁၉၃၂ ဦးအထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး အဆိုပါဒေသတွင် ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၄၃၂ ဦး သို့မဟုတ် ၃၈ ဒသမ ၁ ရာခိုင်နှုန်းရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေခံစားနေရသူ ၅၄၃ ဦးအထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် ၃၆ ဦးလျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၄၅ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၆၃၇၈ ဦးအထိ ရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၉၁ ရာခိုင်နှုန်းရှိသည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက်ကာကွယ်ဆေးထိုးမှုများစတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၄၅၀၅၂၇၆ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၆ ဒသမ ၇ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးသူပေါင်း ၄၃၅၈၂၁၂၈ ဦး သို့မဟုတ် ၈၄ ဒသမ ၉ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အပိုဆောင်း ကာကွယ်ဆေးထိုးပြီးသူ ၂၃၇၄၁၂၀၅ သို့မဟုတ် ၄၆ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်။

ဆင်ဟွာ




တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးခြင်းကို အဆင်သင့်ပြင်ဆင်ထားရန် ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦးက လိုက်လံနှိုးဆော်နေသည်ကို တွေ့ရစဉ်။

# တိုကျိုနှင့် တခြား ခရိုင် ၁၂ ခု၌ တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေကြေညာရန် အစိုးရစီစဉ်

**တိုကျို ဇန်နဝါရီ ၁၈**

အိုမီခရွန်ဗိုင်းရပ်စ်ကြောင့် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသစ်များ စံချိန်တင်မြင့်တက်လျက်ရှိသည်။ အစိုးရသည် တိုကျိုနှင့် တခြားခရိုင် ၁၂ ခုတွင် တစ်စိတ်တစ်ပိုင်း အရေးပေါ်အခြေအနေကြေညာရန် စီစဉ်ခဲ့သလို အုပ်ချုပ်ရေးမှူးများကိုလည်း ကိုဗစ်-၁၉ တားဆီးဆန့်ကျင်ရေး ဆောင်ရွက်ချက်များကို အရှိန်မြှင့်တင်ရန် လုပ်ပိုင်ခွင့်များလည်း ပေးထားသည်။




ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီးဒါး။

ဂျပန်နိုင်ငံတစ်ဝန်း အာဏာပိုင်များက ဇန်နဝါရီ ၁၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၂၀၀၀ ကျော်ရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။ ဩဂုတ်လတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၀၀၀ နီးပါးဖြင့် စံချိန်တင်ခဲ့သည်။ အိုကီနာဝါ၊ ယာမာဂူချီနှင့် ဟီရိုရှီးမားခရိုင်သုံးခုသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်မှုကို တိုက်ဖျက်ရန် ပြင်းထန်သော ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ တရားဝင်ဆုံးဖြတ်ချက်တစ်ခုကို ဇန်နဝါရီ ၁၉ ရက်တွင် မကြေညာခင် ဗဟိုအစိုးရသည် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးလိမ့်မည်ဖြစ်သည်။

တိုကျိုမြို့သည် ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံး မြို့တစ်မြို့ဖြစ်သည်။ ဇန်နဝါရီ ၁၈ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၅၀၀၀ ကျော် ရှိခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀ ကျော်ကို နေအိမ်တွင် သီးသန့်ခွဲခြားထားသည်။ ၎င်းတို့တွင် ရောဂါလက္ခဏာအပျော့စားများ ဖြစ်ပွားလျက်ရှိခြင်း သို့မဟုတ် လုံးဝမရှိခြင်းများကို တွေ့ရသည်။

ဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ် လူနာများအတွက် ဖယ်ထားသော ခုတင် ၂၀ ရာခိုင်နှုန်းသည်လည်း ယခုအခါတွင် အပြည့် ဖြစ်လျက်ရှိသည်။ တိုကျိုတွင်သာ တစ်စိတ်တစ်ပိုင်း အရေးပေါ် အခြေအနေကိုသာ ခွင့်ပြုလိုက်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ စောစောပိတ်ထားရမည် သို့မဟုတ် ဖောက်သည်များအတွက် နေရာကန့်သတ်ချက်များ ရှိလာမည်ဖြစ်သည်။

အိုဆာကာတွင် အဆိုပါ အဆင့်ကို ကျင့်သုံးရန် မပြောထားရသေးကြောင်း၊ သို့သော်လည်း ကျင့်သုံးလျှင် ကောင်းမည်လားဆိုပြီး စဉ်းစားလျက်ရှိကြောင်း သိရသည်။ ၎င်းဒေသတွင် ဇန်နဝါရီ ၁၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၅၄၀၀ နီးပါးရှိသည်။

**အင်န်အိတ်ချ်ကေ**

# မလေးရှား၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၂၃၄၂ ဦးရှိပြီး ၁၆ ဦးထပ်မံသေဆုံး

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၈**

မလေးရှားနိုင်ငံ၌ ဇန်နဝါရီ ၁၇ ရက် ညသန်းခေါင်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၄၂ ဦး တိုးလာကြောင်းအတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၁၀၆၈၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၀ မှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၁၆၂ ဦး မှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။ နောက်ထပ် ၁၆ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၁၈၀၉ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၀၆၁၈ ဦးအနက် ၁၈၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၈၇ ဦးမှာ အသက်ရှူအထောက်အကူလိုအပ်လျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၁၇ ရက်တစ်ရက်တည်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၄၂၇၀၅ ဦးရှိခဲ့ရာ လူဦးရေ၏ ၇၉ ဒသမ ၇ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရပြီး ၇၈ ဒသမ ၆ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ အိုမီခရွန် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူပေါင်း ၈၈၉၁ ဦးရှိ

**နယူးဒေလီ ဇန်နဝါရီ ၁၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၈၀၈၁ ဦး ရှိလာသောကြောင့် ဇန်နဝါရီ ၁၈ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၇၆၁၈၂၇၁ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်လိုက်သောအချက်အလက်များတွင် ဖော်ပြထားသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၁၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၈၆၇၆၁ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၇၃၆၆၂၈ ဦးအထိ ရှိလာပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၀၂၈၇ ဦးတိုးလာခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူပေါင်း ၈၈၉၁ ဦးရှိခဲ့သည်။ အိုမီခရွန် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုအများဆုံးပြည်နယ်များမှာ မဟာရက်ရှ်ထရာနှင့် အနောက် ဘင်္ဂလားပြည်နယ်၊ ရာဂျက်စ်သန်နှင့် ဒေလီတို့ ဖြစ်ကြသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ် အန္တရာယ်ကို လျော့ပါးသက်သာအောင် လုပ်ဆောင်ရန် အရေးကြီးကြောင်း အာဏာပိုင်များပြော

**မနီလာ ဇန်နဝါရီ ၁၈**

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၈၄၇၁ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၇၀၇၅၈ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၃၄ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၅၂၉၆၂ ဦး အထိ ရှိလာခဲ့သည်။ ဓာတ်ခွဲခန်းငါးခုက အချက်အလက်များ ပေးပို့ရန် ပျက်ကွက်ခဲ့သည်။ ကျန်းမာရေးဝန်ကြီး ဖရန်စစ္စကိုဒုဇ်က နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ အခြေအနေသည် စိုးရိမ်ရသည့် အနေအထားတွင် ဆက်လက်ရှိနေသေးကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းလုံးနှင့် မြို့တော် မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ဆက်လက်မြင့်တက်လျက်ရှိသည်။ ထို့အတူ တခြားဒေသများတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲ မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောသည်။

လွန်ခဲ့သည့်သီတင်းပတ်က မြို့တော် မနီလာတွင် ဆေးရုံတင်ရသည့် အရေအတွက် ရုတ်တရက်မြင့်တက်လာခဲ့သည်။

ထို့ပြင် အားနည်းချက်များနှင့် စနစ်ကြီး တစ်ခုလုံးကို ကာကွယ်ရန်၊ အိုမီခရွန်ဗိုင်းရပ်စ်၏ အန္တရာယ်ကိုလည်း လျော့ပါးသက်သာအောင် လုပ်ဆောင်ရန် အရေးကြီးကြောင်းနှင့် ယခုအခါတွင် ခုတင်ရရှိနိုင်မှုအခြေအနေမှာ ၆၀ ရာခိုင်နှုန်းနှင့် အထူးကြပ်မတ်ကုသဆောင် အသုံးပြုနိုင်မှုသည်လည်း ၅၈ ရာခိုင်နှုန်းသာ ရှိကြောင်း ၎င်းကပြောသည်။

**ဆင်ဟွာ**

# အလုပ်သမားဈေးကွက်ဖွံ့ဖြိုးမှုသာ ကိုဗစ်ကြောင့်ပြိုလဲနေတဲ့ ကမ္ဘာကြီးကို ကယ်တင်နိုင်မယ်

လင်းဟန်သစ်

**ကိုဗစ်-၁၉ ကပ်ရောဂါပဋိပက္ခဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အလုပ်အကိုင်တွေကို ပြင်းထန်တဲ့ရိုက်ခတ်မှုတွေ ဖြစ်စေခဲ့တယ်လို့ ကုလသမဂ္ဂက ပြောကြားလိုက်ပါတယ်။ အလုပ်အကိုင်အဆင့်အတန်းဟာ ကိုဗစ်-၁၉ မဖြစ်ခင်က အခြေအနေနဲ့ အဆင့်အတန်းမျိုး ပြန်ရောက်ဖို့ နှစ်ပေါင်းအတော်ကြာ အချိန်ယူရဦးမယ်လို့လည်း ကုလသမဂ္ဂက သတိပေးပြောကြားထားပါတယ်။**



အလုပ်အင်တာဗျူးရန် စောင့်နေသည့် လူငယ်များကို တွေ့ရစဉ်။

### ကမောက်ကမတွေဖြစ်

လေ့လာဆန်းစစ်မှု အသစ်တစ်ခုမှာ ကုလသမဂ္ဂရဲ့ နိုင်ငံတကာ အလုပ်သမားအဖွဲ့က ကမ္ဘာ့အလုပ်သမားဈေးကွက်ဟာ ဒီနှစ်မှာ အပြည့်အဝနီးပါး ပြန်လည်နာလန်ထူလာမယ်လို့ ခန့်မှန်းခဲ့တဲ့ သူ့ရဲ့ အရင်က ခန့်မှန်းချက်ကို ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။

ဒယ်လ်တာနဲ့ အိုမီခရွန်လိုမျိုး အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးကွဲတွေရဲ့ အကျိုးသက်ရောက်မှုကို အပြစ်ဖို့ရင်း ကိုဗစ်-၁၉ ကပ်ရောဂါ ဘယ်လိုမျိုးပြောင်းလဲဖြစ်ပေါ်လာသလဲဆိုတဲ့ မသေချာမှုတွေထဲ ၂၀၂၂ ခုနှစ်ရဲ့ အလုပ်ချိန်တွေဟာလည်း ကိုဗစ်-၁၉ မဖြစ်မီ အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ရင် ကမောက်ကမတွေဖြစ်နေခဲ့ ပါတယ်။

### ပျက်စီးလွယ်တဲ့အခြေအနေမှာပဲရှိသေးတယ်

ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ဟာလည်း အရင်က ခန့်မှန်းထားတာထက် ပိုနှေးတဲ့နှုန်းနဲ့ နာလန်အထနှေးနေတယ်လို့ နိုင်ငံတကာအလုပ်သမားအဖွဲ့ အကြီးအကဲ ဂိုင်ရိုက်ဒါက သတင်းထောက်တွေကို ပြောပါတယ်။ ရှေ့လာမယ့် အခြေအနေဟာ ပျက်စီးလွယ်တဲ့ အခြေအနေမှာပဲရှိသေးတယ်လို့ သတိပေးခဲ့ပါတယ်။

အလုပ်သမားဈေးကွက်ထိခိုက်မှု ကြာရှည်နေဦးမယ်။ ထို့အတူ ဆင်းရဲမွဲတေမှုနဲ့ မညီမျှမှုတွေလည်း မြင့်တက်လာဦးမှာကို စိုးရိမ်ပူပန်နေတယ်လို့ ဂိုင်ရိုက်ဒါက ပြောပါတယ်။

### အလုပ်လက်မဲ့နှုန်းမြင့်မား

ကမ္ဘာလုံးဆိုင်ရာအလုပ်လုပ်ချိန်ဟာ ၂၀၁၉ ခုနှစ်ထက် နှစ်ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ဒါဟာ ကမ္ဘာကြီးမှာ အလုပ်ပြုတ်လပ်မှု ၅၂ သန်းရှိတာနဲ့ညီမျှတယ်လို့ ဆိုလိုပါတယ်။

လွန်ခဲ့တဲ့မေလက နိုင်ငံတကာ အလုပ်သမားအဖွဲ့က အလုပ်နာရီ လျော့နည်းပြီး အလုပ်ပြုတ်လပ်မှုဟာ ဒီနှစ်နှစ်ဝက်လောက်ထိရှိနေဦးမယ်လို့ ခန့်မှန်းခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ကမ္ဘာလုံးဆိုင်ရာ တရားဝင်အလုပ်လက်မဲ့နှုန်းဟာ ကိုဗစ်-၁၉ မရိုက်ခတ်ခင်ကထက် သိသိသာသာပိုမိုမြင့်မားလာခဲ့ပါတယ်။

### သတ်မှတ်ချက်ကျော်လွန်

ဒီနှစ်မှာ ကမ္ဘာလုံးဆိုင်ရာအလုပ်သမား ၅ ဒသမ ၉ ရာခိုင်နှုန်း သို့မဟုတ် ၂၀၇ သန်း တရားဝင်အလုပ်လက်မဲ့စာရင်းမှာ ဖော်ပြထားပါတယ်။ ဒါဟာ ၂၀၂၀ ခုနှစ်ထက် ပိုပြီးများလာတာ ဖြစ်ပါတယ်။ အထူးသဖြင့် ၂၀၁၉ ခုနှစ်ထက် ပိုများလာတာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာတော့ အလုပ်လက်မဲ့နှုန်းဟာ ၁၈၆ သန်းပဲရှိတာ ဖြစ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ အလုပ်လက်မဲ့နှုန်းဟာ ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းမဖြစ်ခင်အချိန်က ရှိခဲ့တဲ့ ၅ ဒသမ ၄ ရာခိုင်နှုန်းအထက် ဆက်လက်ရှိနေဦးမှာဖြစ်ပြီး ဒါဟာ ၂၀၂၃ ခုနှစ်အထိ ဆက်လက်တည်ရှိနေဦးမှာဖြစ်ပါတယ်။

အလုပ်အကိုင်အပေါ် လွှမ်းခြုံအကျိုးသက်ရောက်မှုဟာ သတ်မှတ်ထားတာထက်တောင်ကျော်လွန်ပြီး သိသိသာသာကို များပြားခဲ့ပါတယ်။

### အင်အားချည့်နဲ့စေခဲ့

၂၀၂၂ ခုနှစ်မှာ ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားထုပါဝင်နှုန်းဟာ ၁ ဒသမ ၂ ရာခိုင်နှုန်းထက် နိမ့်ဆင်းလျော့နည်းခဲ့ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့သုံးနှစ်ထက် လျော့နည်းခဲ့တာဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာ အလုပ်သမား သန်း ၄၀ လောက် အလိုပြခဲ့တာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဟာ နိုင်ငံတိုင်းရဲ့ စီးပွားရေး၊ ဘဏ္ဍာရေးနဲ့ လူမှုရေးတွေကို အင်အားချည့်နဲ့စေခဲ့ပါတယ်လို့ ရိုက်ဒါက ပြောခဲ့ပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိမှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်တွေကြား ကွဲပြားခြားနားချက်တွေကို နိုင်ငံတကာ အလုပ်သမားအဖွဲ့က ထောက်ပြပြောဆိုခဲ့ပါတယ်။

### ဝန်ဆောင်မှုနဲ့ ခရီးသွားကဏ္ဍကိုထိခိုက်

ဝင်ငွေမြင့်မားတဲ့နိုင်ငံတွေရဲ့ အလုပ်သမားဈေးကွက်ဟာ အလျင်အမြန်ကို ဖွံ့ဖြိုးတိုးတက်လာပါတယ်။ သို့သော်လည်း တချို့နိုင်ငံတွေဟာ အလုပ်သမားပြုတ်လပ်မှုတွေနဲ့ စတင်ရင်ဆိုင်နေရတယ်လို့လည်း ရိုက်ဒါက ဆက်လက်ပြောကြားလိုက်ပါတယ်။

အလုပ်အကိုင်ဈေးကွက်မှာလည်း မတူညီတဲ့အချက်တွေ အများကြီး ရှိပါတယ်။ ကျား၊ မ တန်းတူညီတူမရှိမှုတွေ မညီမျှမှုတွေလည်း ပါဝင်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဟာ အမျိုးသမီးတွေပေါ်လည်း အချိုးအစားမမျှတစွာနဲ့ပဲ အကျိုးသက်ရောက်မှုတွေ ရှိစေခဲ့ပါတယ်။ ထို့အတူ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ခရီးသွားကဏ္ဍကိုလည်း ဆိုးရွားစွာထိခိုက်စေခဲ့ပါတယ်။

### အကျိုးဆက်တွေဆက်ကျန်နေဦးမယ်

ကပ်ရောဂါပြီးသွားမယ်ဆိုရင်တော့ အဲဒီအကျိုးဆက်တွေက ဆက်လက်ကျန်ရှိနေဦးမယ်လို့ ရိုက်ဒါက ပြောပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါ ရှည်ကြာလာရင် အလုပ်မှာ ကျား၊ မ တန်းတူညီမှုအပေါ် ထိခိုက်မှုတွေရှိလာနိုင်တယ်လို့ သူက ဆက်ပြောထားပါတယ်။

ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် ပြောင်းလဲမှုတွေဖြစ်ပေါ်လာပြီး အဲဒီပြောင်းလဲမှုတွေမှာ ပုံမှန်တွေ့နေကျမဟုတ်တဲ့ ကိုယ်ပိုင်အလုပ်တွေဆီကို ခြေဦးလှည့်လာနိုင်ပါတယ်။ ထို့အတူ တခြားအလုပ်ပုံစံပြောင်းလဲမှုတွေလည်းရှိလာဦးမှာ ဖြစ်ပါတယ်။

ကျယ်ပြန့်တဲ့ အလုပ်သမားဈေးကွက်ဖွံ့ဖြိုးမှု ကမ္ဘာကြီးကို ကပ်ရောဂါက ကယ်တင်နိုင်မယ်။ ကျယ်ပြန့်တဲ့ အလုပ်သမားဈေးကွက်ဖွံ့ဖြိုးမှုသာ ကမ္ဘာကြီးကို ကပ်ရောဂါမှ အမှန်ကန်ဆုံး နာလန်ပြန်လည်ထူလာအောင်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ထို့အတူ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု၊ တန်းတူညီတူရှိမှု၊ လူမှုရေးတွေလည်း ယှဉ်တွဲပါလာမှာ ဖြစ်ပါတယ်။

ရေရှည်အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီလိုနာလန်ပြန်ထမှုမှာ ကောင်းမွန်တဲ့ အလုပ်အကိုင်အခြေအနေတွေ ဖန်တီးဖြစ်ပေါ်မှုပေါ် အဓိကတည်မှီနေပါတယ်။

ကောင်းမွန်ထိရောက်တဲ့ နိုင်ငံတကာနဲ့ ပြည်တွင်းမူဝါဒတွေသာ မရှိဘူးဆိုရင် နိုင်ငံပေါင်းစုံမှာ ဒီလိုမျိုး ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာတဲ့ ထိခိုက်ပျက်စီးမှုတွေကို ပြန်လည်ပြုပြင်ဖို့ အချိန်ယူရဦးမှာ ဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

- **ကမ္ဘာလုံးဆိုင်ရာ အလုပ်လက်မဲ့နှုန်းဟာ ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်း မဖြစ်ခင် အချိန်က ရှိခဲ့တဲ့ ၅ ဒသမ ၄ ရာခိုင်နှုန်းအထက် ဆက်လက်ရှိနေဦးမှာဖြစ်ပြီး ဒါဟာ ၂၀၂၃ ခုနှစ်အထိ ဆက်လက် တည်ရှိနေဦးမှာဖြစ်ပါတယ်။**
- **၂၀၂၂ ခုနှစ်မှာ ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားထုပါဝင်နှုန်းဟာ ၁ ဒသမ ၂ ရာခိုင်နှုန်းထက် နိမ့်ဆင်းလျော့နည်းခဲ့ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့သုံးနှစ်ထက် လျော့နည်းခဲ့တာဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာ အလုပ်သမား သန်း ၄၀ လောက် အလိုပြခဲ့တာဖြစ်ပါတယ်။**

# ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၃ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၃၀၅ ဦး ရှိ

(၁၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆၃) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၁) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၂၃,၇၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၃,၄၀၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၄၈၃) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၀၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၁၇) ခု | (၅၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၃) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄၂) ခု | (၁၀) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၇) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၄၈၀) ခု | (၇၈) ဦး |
| စုစုပေါင်း | (၁၀,၈၂၄) ခု | (၁၆၃) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင် ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုး ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၈-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၇၆၃၁၃၉၁ | ၄၃၁၆၅၆၆၇ | ၈၇၄၃၂၁ |
| ၂။ | အိန္ဒိယ | ၃၇၆၁၈၂၇၁ | ၃၅၃၉၄၈၈၂ | ၄၈၆၇၈၄ |
| ၃။ | ဘရာဇီး | ၂၃၀၈၃၂၉၇ | ၂၁၇၁၀၈၃၁ | ၆၂၁၂၆၁ |
| ၄။ | ဗြိတိန် | ၁၅၃၀၅၄၁၀ | ၁၁၄၉၇၆၀၂ | ၁၅၂၀၇၅ |
| ၅။ | ပြင်သစ် | ၁၄၂၇၄၅၂၈ | ၉၁၉၈၉၉၅ | ၁၂၇၂၆၃ |
| ၆။ | ရုရှား | ၁၀၈၆၅၅၁၂ | ၉၉၀၂၉၃၅ | ၃၂၂၆၇၈ |
| ၇။ | တူရကီ | ၁၀၅၂၂၀၉၉ | ၉၇၃၇၆၁၀ | ၈၄၉၂၀ |
| ၈။ | အီတလီ | ၈၇၉၀၃၀၂ | ၆၀၉၃၆၃၃ | ၁၄၁၃၉၁ |
| ၉။ | စပိန် | ၈၄၂၄၅၀၃ | ၅၃၃၁၁၇၅ | ၉၀၉၉၃ |
| ၁၀။ | ဂျာမနီ | ၈၀၄၅၃၄၈ | ၇၀၅၀၁၀၀ | ၁၁၆၄၁၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၈- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၇၃၇၈၃ | ၄၁၂၀၀၃၆ | ၁၄၄၁၈၃ |
| ဖိလစ်ပိုင် | ၃၂၇၀၇၅၈ | ၂၉၃၃၃၃၈ | ၅၂၉၆၂ |
| မလေးရှား | ၂၈၁၀၆၈၉ | ၂၇၃၈၂၆၂ | ၃၁၈၀၈ |
| ထိုင်း | ၂၃၃၇၈၁၁ | ၂၂၃၃၉၀၃ | ၂၁၉၅၉ |
| ဗီယက်နမ် | ၂၀၆၂၁၂၈ | ၁၇၅၆၁၅၄ | ၃၅၉၇၂ |
| မြန်မာ | ၅၃၃၄၀၈ | ၅၁၁၄၈၃ | ၁၉၃၀၅ |
| စင်ကာပူ | ၂၉၃၀၁၄ | ၂၈၄၅၈၀ | ၈၄၃ |
| လာအို | ၁၂၆၀၆၆ | ၁၁၆၆၈၂ | ၅၀၀ |
| ကမ္ဘောဒီးယား | ၁၂၀၈၄၇ | ၁၁၇၁၂၉ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၉၀၁ | ၁၅၄၅၂ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှ အဆက်)*

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)** က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံကို အလုပ်သဘောအရ လာရောက်ခဲ့သည့် ခရီးစဉ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ အာဆီယံ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆောင်ရွက်နေသည့်အခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က ကမ္ဘောဒီးယားနိုင်ငံနှင့် နှစ်နိုင်ငံသဘောတူညီချက်ကို ပြောခဲ့ပြီးဖြစ်ကြောင်း၊ အစိုးရချင်းဆွေးနွေးခဲ့ခြင်းများရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အခွန်နှစ်ထပ် ကောက်ခံမှုကင်းလွတ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ထိုးနိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်သည့်အခါတွင် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်းပျံသန်းမည့်ကိစ္စများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍတွင် ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံအကြား ၂၀၁၇-၂၀၂၀ ပညာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာချုပ်ဆိုပြီးဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် သက်တမ်းကုန်ပြီဖြစ်ကြောင်း၊ သက်တမ်းတိုးမြှင့်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ပြန်ကြားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားမည့် ကိစ္စရပ်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍတွင် ကမ္ဘောဒီးယားက ဘုန်းတော်ကြီးနှင့် သီလရှင်အရေအတွက် ၂၄၉ ပါးကို မြန်မာနိုင်ငံ နိုင်ငံတကာ ထေရဝါဒဗုဒ္ဓဘာသာသာသနာပြုတက္ကသိုလ်တွင် ပညာသင်ခွင့်ပေးခဲ့ပါကြောင်း၊ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံရှေးဟောင်းမြို့တော်များအချင်းချင်း ဆက်သွယ်ရန်၊ နှစ်နိုင်ငံယဉ်ကျေးမှုမြို့တော်များအချင်းချင်း ဆက်သွယ်နိုင်ရန် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပိုမိုတိုးမြှင့်နိုင်မည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်ဦး**က ပညာရေးနှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ လူမှုကွန်ရက်၌ ယခုရက်ပိုင်းတွင် ပျံ့နှံ့လာသည့် တက္ကသိုလ်ဝင်ခွင့်ဖြေဆိုရန်အတွက် ကျောင်းတက်နေသည့်သူများကိုမဆိုလိုပဲ ထင်ကြောင်း၊ အပြင်ဖြေ ဖြေရန် ကျောင်းသားများအတွက် ရည်ညွှန်းသည့်သဘောကို တွေ့ရကြောင်း၊ ဝင်ခွင့်/ဖြေခွင့် ဖောင်တင်ထားသည့် ကျောင်းသားများအထဲတွင် တိုင်းရင်းသားလူငယ် ကျောင်းသူ ကျောင်းသားများထက် လူမျိုးခြားဝင်ဖြေမည့် ကျောင်းသား ကျောင်းသူများက ပိုပြီးများသည်ဟု သတင်းများပျံ့နှံ့နေကြောင်း၊ ထိုကိစ္စမှန်/မမှန် အတည်ပြုပေးနိုင်ပါရန်နှင့် ယင်းသည် လူမျိုးရေးဘက်တွင်လည်း ဆက်နွယ်နေသည့် အနေအထားကို တွေ့ရကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်



၁၄-၁-၂၀၂၂ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

ရှေ့တွင် ဓာတ်ပုံများနှင့်ပြသခဲ့ပြီးဖြစ်ကြောင်း၊ ကယားပြည်နယ် လွိုင်ကော်က စာသင်ကျောင်းတွင် PDF များက အခိုင်အမာစခန်းများ လုပ်ခြင်းများရှိကြောင်း၊ ထိုဖြစ်စဉ်များနှင့်ဆက်စပ်ပြီး ဘာသာရေးကျောင်းများ၊ အများပြည်သူနှင့်ဆိုင်သည့် နေရာများဖြစ်နေသည့် လူနေအိမ်များမှ ပစ်ခတ်လာခြင်းများ ဖြစ်လာသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြီးခဲ့သည့် ရက်ပိုင်းတွင် စစ်ရာဇဝတ်မှုကျူးလွန်သည်ဟု ထုတ်ပြန်ခဲ့ခြင်း တွေ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ထိုသို့စစ်ရာဇဝတ်မှုဖြစ်ခဲ့ခြင်း၊ ထုတ်ပြန်ခြင်း၊ တပ်မတော်ဘက်က ထုတ်ပြန်ခဲ့ခြင်း ရှိ/မရှိ၊ ပညာရေးတွင် စစ်ကျွန်ပညာရေးနှင့် သခင်ပညာရေးဟု နှစ်မျိုး လိုင်းပေါ်တွင် ပြောဆိုနေကြသည့်အနေအထားတွင် ပညာရေးကို နေရာဒေသတချို့တွင် သခင် ပညာရေးစာသင်ကျောင်းဟု ဖွင့်လှစ်လာသည်ကို တွေ့ရကြောင်း၊ မိမိတို့ သိရှိထားသည့် ပညာရေးစီမံချက်သည် ၂၀၃၀ အထိ ပညာရေးစီမံချက် အဆင့်လိုက်ချထားသည်ဟု သိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူနေစဉ် ဖွင့်လှစ်သည့် စာသင်ကျောင်းများတွင် တက်ရောက်သင်ကြားမှုမရှိဘဲ၊ သခင်ပညာရေးဟု ဖွင့်လှစ်သည့် စာသင်ကျောင်းများတွင် တက်ရောက်ပြီး စာသင်ကြားခဲ့သည့် ကလေးများသည် လာမည့်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ပြန်ပြီး ရွေးကောက်ပွဲများ လုပ်မည်ဆိုပါက ထိုမတိုင်ခင် ကြားကာလနှင့် ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကြားကာလတွင် တိုင်းပြည်တည်ငြိမ်သွားသည့် အခြေအနေအချိန်အခါတွင် စာသင်ကျောင်းများကို ၎င်းကလေးများ ရောက်လာမည်ဆိုပါက ၎င်းတို့သည် ယခုအခြားဘက်က သင်ကြားပေးနေသည့် သခင်ပညာရေးကျောင်းဘက်မှ အောင်မြင်သည်ကို ဒီဘက်ကခွင့်ပြုမည်လား၊ မည်သည့်ပုံစံဖြင့်သွားမည်ကို ပညာရေးနှင့်ပတ်သက်ပြီး သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စာမေးပွဲဖြေခြင်းနှင့်ပတ်သက်၍ အပြင်ဖြေ ဖြေသည်ကို နိုင်ငံတော်အစိုးရအနေဖြင့် ကန့်သတ်၍မရကြောင်း၊ အကျုံးဝင်သူများ၊ လျှောက်လွှာတင်သူများ ဖြေရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုံးသပ်၍ခက်ပါကြောင်း၊ Facebook တွင် တွေ့သည်မှာလည်း ရမ်းသမ်းသုံးသပ်ချက်ဖြစ်ကြောင်း၊ တိုင်းရင်းသားများမပါ၊ ဘာသာခြားများပါသည်ဟူသည်မှာလည်း သွေးထိုးလှုံ့ဆော်မှု တစ်ခုသာဖြစ်သည်ဟု မိမိမြင်မိပါကြောင်း၊ လျှောက်လွှာတင်သည့်အခါ အမည်များ အမျိုးမျိုးဖြစ်နေနိုင်ကြောင်း၊ အမည်တွင် ဦးရာဂျူးဟု မှည့်ထားသော်လည်း ၎င်းသည် ဗမာစစ်စစ်ကြီးဖြစ်ကြောင်း၊ ၎င်းသည် အကြောင်းရှိ၍သာ ဦးရာဂျူးဟု မှည့်ထားခြင်းဖြစ်ပြီး ဦးရာဂျူးဟုမြင်တိုင်း အခြားလူမျိုးခြားဟု မှတ်၍မရကြောင်း၊ ထိုသို့ရှိနိုင်သည်ဟု ဥပမာပြောပြခြင်းဖြစ်ကြောင်း။

**ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်**

အထက်တန်း ပညာရေးပြီးဆုံးမှသာ ဘွဲ့ရရန်ဖြစ်နိုင်ကြောင်း၊ အထက်တန်းပညာရေးပြီးဆုံးမှသာ လုပ်ငန်းခွင့်ဝင်ခွင့် ပိုကျယ်လာမည်ဖြစ်ကြောင်း၊ ပညာသင်ကြားနိုင်သူ၊ ပညာသင်ကြားရန် အရွယ်ရှိသူအားလုံးကို နိုင်ငံတော်အစိုးရအနေဖြင့် အနည်းဆုံးအဆင့် kg+9 ပညာရေးစနစ်ကို မျှော်မှန်းပြီး လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ထိုလုပ်ငန်းစဉ်တွင် ပါဝင်စေရေး မိမိတို့သားသမီးများ၊ မိမိတို့နှင့် သက်ဆိုင်သည့် အုပ်ထိန်းခွင့်ရှိသူများ ပါဝင်စေရေးအတွက် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးကြပါဟု ပြောလိုကြောင်း။

စစ်ရာဇဝတ်မှုနှင့် ပတ်သက်သည့် အသုံးအနှုန်းကို ယခင်က မြန်မာနိုင်ငံတွင်ဖြစ်ခဲ့သည့် အခြေအနေအရ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများတွင် စစ်ရာဇဝတ်မှုနှင့် ပတ်သက်သည့် ရာဇဝတ်မှုများ များစွာရှိကြောင်း၊ သို့သော် ကျယ်ကျယ်ပြန့်ပြန့် စစ်ရာဇဝတ်မှုဟူ၍ စွပ်စွဲခြင်းမျိုးမရှိကြောင်း၊ ဥပမာ - ဗကပခေတ်က ဆင်စွယ်ရွာတစ်ရွာလုံး အသတ်ခံရသည့် ဖြစ်စဉ်မျိုးများရှိကြောင်း၊ စစ်ရာဇဝတ်မှု ၊ War Crime၊ Human Against၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့်ပြစ်မှုများသည် ယခုနောက်ပိုင်းမှသာ နိုင်ငံတကာ အသုံးအနှုန်းများနှင့် ဖြစ်လာခြင်းဖြစ်ကြောင်း၊ စစ်ရာဇဝတ်မှုဟု ပြောရခြင်းသည် စာသင်ကျောင်းများတွင် တပ်စွဲခြင်းမျိုး၊ လူသားတံတိုင်း အသုံးပြုပြီး ရပ်ကွက်/ကျေးရွာများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ ကယားဖြစ်စဉ်တွင် သာမန်အရပ်သားများ လိုက်ပါစီးနင်းလာသည့်လေယာဉ်ကို အရပ်သားရပ်ကွက်ထဲမှ ပစ်ခတ်ခြင်းမျိုးကို ပြောခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၁၇ သို့*

- **စစ်ကျွန်ပညာရေး၊ သခင်ပညာရေးဟု မရှိပါကြောင်း၊ NUG၊ CRPH၊ PDF အမည်ခံအဖွဲ့များသည် ၎င်းတို့ပြောနေသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်ကပညာရေးကို သင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိတို့လည်း ထိုပညာရေးကို သင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုပညာရေးကိုသင်ပြီး နိုင်ငံခြားသို့သွားပြီး အလုပ်လုပ်နေသူများရှိကြောင်း၊ တန်းတူညီတူ ရင်ပေါင်တန်းအလုပ်လုပ်နေသူများလည်းရှိကြောင်း၊ ပညာရေးစနစ်ဆိုသည်ထက် တစ်ဦးချင်းအပေါ်တွင်လည်း မူတည်ကြောင်း၊ ပညာရေးစနစ်ကောင်း၊ မကောင်းဟု မိမိပြောနေခြင်း မဟုတ်ကြောင်း၊ ပညာရေးစနစ်နှင့်ပတ်သက်ပြီး လုပ်ဆောင်နိုင်သည်ထက် လူအပေါ်တွင်လည်း မူတည်**

*စာမျက်နှာ ၁၆ မှ*

## တစ်ဦးချင်းအပေါ်တွင် မူတည်

စစ်ကျွန်ပညာရေး၊ သခင်ပညာရေးဟု မရှိပါကြောင်း၊ NUG ၊ CRPH ၊ PDF အမည်ခံအဖွဲ့များသည် ၎င်းတို့ပြောနေသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်ကပညာရေးကို သင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိတို့လည်း ထိုပညာရေးကို သင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုပညာရေးကိုသင်ပြီး နိုင်ငံခြားသို့သွားပြီး အလုပ်လုပ်နေသူများ ရှိကြောင်း၊ တန်းတူညီတူ ရင်ပေါင်တန်း အလုပ်လုပ်နေသူများလည်း ရှိကြောင်း၊ ပညာရေးစနစ်ဆိုသည်ထက် တစ်ဦးချင်းအပေါ်တွင်လည်း မူတည်ကြောင်း၊ ပညာရေးစနစ်ကောင်း၊ မကောင်းဟု မိမိပြောနေခြင်း မဟုတ်ကြောင်း၊ ပညာရေးစနစ်နှင့်ပတ်သက်ပြီး လုပ်ဆောင်နိုင်သည်ထက် လူအပေါ်တွင်လည်း မူတည်ကြောင်း၊ အစိုးရတစ်ရပ်တွင် ကျောင်းနှစ်ကျောင်း မရှိပါကြောင်း၊ အစိုးရနှင့် အစိုးရအသိအမှတ်ပြု ပုဂ္ဂလိကကျောင်းများရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းအရ လိုက်နာပြီး အောင်လာသည့်ကျောင်းများက ပုံမှန်အတိုင်း အတန်းတက်မည်ဖြစ်ကြောင်း၊ မိမိတို့ အိမ်နီးချင်းနိုင်ငံဖြစ်စေ၊ နိုင်ငံခြားတွင် ပညာသင်ကြားလာပြီး ၎င်းနိုင်ငံနှင့် သဘောတူထားသည့် အဆင့်အတန်းရှိလျှင်ရကြောင်း၊ အခြားနိုင်ငံတွင် ၁၀ တန်းတက်လာပြီး မိမိတို့နိုင်ငံတွင် ၁၀ တန်းတက်၍ရသည်ဟု မရှိကြောင်း၊ မိမိတို့နိုင်ငံတွင် မည်မျှအောင်သည်ဖြစ်စေ အခြားနိုင်ငံတွင် သွားတက်၍ရသည့် သဘောတူညီချက်ရှိလျှင်ရကြောင်း၊ ကျန်သည့်အရာများက အကျုံးဝင်ခြင်း မရှိပါကြောင်း။

မိမိသိသလောက် သခင်ပညာရေးဆိုသည်မှာ မြန်မာတို့၏ အစွဲအရ မိမိတို့၏ ဗြိတိသျှပညာရေးကို ဆန့်ကျင်ခုခံသည့် အမျိုးသားကျောင်းများ စတင်ပေါ်ပေါက်သည့်အချိန်တွင် မိမိတို့က အမွှမ်းတင်ပြီး သခင်ပညာရေးဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားကျောင်းများကို လေ့လာကြည့်ရာတွင် အမျိုးသားကျောင်းများ၏ သင်ရိုးများတွင် မြန်မာသင်ရိုးလည်းပါရှိပြီး အင်္ဂလိပ်ကျောင်းများတွင် သင်သည့် အင်္ဂလိပ်စာသင်ရိုးများလည်းပါကြောင်း၊ ထိုသို့သာ မိမိသဘောပေါက်ပါကြောင်း၊ သတင်းထောက်ကြီးပြောသည့် NUG ၊ PDF တို့၏ ဝါဒဖြန့်မှု ကို သတင်းစာရှင်းလင်းပွဲတွင် သခင်ပညာရေးဆိုပြီး လာပြောရန် အကြောင်းမရှိကြောင်း၊ အကျုံးမဝင်ဟုပြောလိုကြောင်း ပြန်လည် ဖြေကြားသည်။

**နိုင်ငံ့သစ္စာသတင်းမီဒီယာမှ CEO ဦးအောင်ကျော်ဦး**က မေးမြန်းရာတွင် အခြိမ်းခြောက်ခံ သတင်းထောက်အချို့က ဗိုလ်ချုပ်ကို မေးပေးရန်ဆိုသည့်မေးခွန်းဖြစ်ကြောင်း၊ ပြည်တွင်းမီဒီယာအချို့ အခြိမ်းခြောက်ခံနေရကြောင်း၊ တကယ်အသတ်ခံရသူများလည်း အများအပြားရှိနေကြောင်း၊ ယခုအချိန် နိုင်ငံတော်က မည်သည့်လက်နက်မျှမိမိအိမ်မှာမထားရန် ထုတ်ပြန်ထားကြောင်း၊ ထို့ကြောင့် မည်သည့်လက်နက်မှ လက်ဝယ်မဆောင်ထားရဲကြကြောင်း၊ ခြိမ်းခြောက်ခံသတင်းထောက်သည် မည်သူလာသတ်မည်မှန်းမသိဘဲ ဘောပင်ကိုင်ပြီးသေမည့်နေ့ကို စောင့်နေရသကဲ့သို့ ဖြစ်နေကြောင်း၊ လုပ်ကြံခံရ၍ သေသည့်သတင်းထောက်များလည်း သေကုန်ပြီဖြစ်ကြောင်း၊ မိတ္ထီလာမြို့တွင် နေထိုင်သည့် သတင်းထောက် ခင်ကိုလတ်၏ ဆိုင်ကယ်ပြင်ဆိုင်ကို ပထမဆုံးဗုံးဖြင့် အပစ်ခံရပါကြောင်း၊ ဒုတိယအကြိမ် သေနတ်ဖြင့် ဝင်ပစ်သွားပါကြောင်း၊ ငါးလသား အရွယ်ကလေးငယ်၏ ပေါင်ကို ထိမှန်ခဲ့ပါကြောင်း၊ တတိယအကြိမ် ၁၃ ရက်နေ့ ၅နာရီအချိန်မှာ အိမ်စီးကားနှင့် ဝင်လာ၍ ထပ်ပြီး သေနတ်ဖြင့် ဝင်ပစ်ခဲ့ပါကြောင်း၊ ဒုတိယတစ်ဦးမှာ မိတ္ထီလာမှဖြစ်ကြောင်း၊ တပ်မတော်မှ ဗိုလ်မှူးကြီးအဆင့်နှင့် အငြိမ်းစားယူထားသည့် ဦးစံလှဖြစ်ပြီး လက်ရှိတွင် သတင်းလုပ်ငန်းလုပ်နေပါကြောင်း၊ ၎င်းကိုလည်း သေကြောင်းကြံမှု အကြိမ်ပေါင်း မနည်းရှိနေပါကြောင်း၊ ငွေပေး၍သတ်သည်ဆိုပြီး လိုင်းပေါ်မှာ တင်ထားသည်များကလည်း ပွလန်နေကြောင်း၊ ရွှေဘို၌ အသတ်ခံရသည့် သတင်းထောက် နှစ်ဦးထက်မနည်းရှိနေကြောင်း၊ ယခုလအတွင်း ဇီးကုန်းမြို့နယ် သတင်းထောက် ဦးကျော်ကျော်သည် ဆိုင်ကယ်ဖြင့်လာသည့်အချိန်တွင် ဖုံးခွဲတိုက်ခိုက်ရန် ၎င်းတို့ ပြင်ဆင်ထားသည်ကို တပ်မတော်က လက်မတင်လေး ဖမ်းလိုက်သည့်အတွက် ဦးကျော်ကျော် အသက်ဘေးမှ လွတ်ခဲ့ရကြောင်း၊ အလားတူ ကျောက်တံတားမြို့နယ်တွင်လည်း ဖြစ်စဉ်အများအပြား ဖြစ်နေကြောင်း၊ ဗိုလ်ချုပ်တို့အနေဖြင့် သေနတ်၊ လက်ပစ်ဗုံးဖြင့် ရန်ပြုလာသူကို ဥပဒေနှင့်အညီ ပြန်လည်ခုခံရန် မည်ကဲ့သို့ လက်နက်များကို ကိုင်ဆောင်ခွင့်ပြုပေးနိုင်မည်ကို သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က ပြန်လည်ဖြေကြားရာတွင် သတင်းထောက်ကြီး မေးမြန်းသကဲ့သို့ သတင်းထောက်များအသတ်ခံရခြင်းသည် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လုပ်ဆောင်နေသည်ဟု မိမိသဘောပေါက်ပါကြောင်း၊ တချို့နိုင်ငံတကာ သတင်းမီဒီယာများတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် သတင်းထောက်များကို နှိပ်ကွပ်ကြောင်း၊ ဖမ်းကြောင်း၊ သတင်းထောက်များကို မည်သို့ဆောင်ရွက်ကြောင်း စသည့်အချက်များကိုသာ တွေ့ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြစ်စဉ်၊ နေရာတိတိကျကျ၊ လူအမည်များနှင့် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များက သတင်းထောက်များကို လုပ်ဆောင်နေခြင်းများကို ပြောပြသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ထိုခြိမ်းခြောက်ခံထားရသည့် သတင်းထောက်များနှင့်ပတ်သက်၍ စာရင်းများလည်း မိမိတို့ကိုပေးပါဟု ပြောချင်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်နေကြောင်း၊ တတ်နိုင်သည့်စောင့်ရှောက်မှုများကို မိမိတို့ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုအကြောင်းအရာများကို ဖော်ထုတ်ပြောပြပေးသည့်အတွက်လည်း မိမိတို့ကျေးဇူးတင်ပါကြောင်း။

မီဒီယာများ မည်သို့ခြိမ်းခြောက်ခံရကြောင်း၊ မီဒီယာများနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနှင့် မီဒီယာများကို မည်သို့နှိပ်ကွပ်ကြောင်း၊ ထိုသို့မိမိတို့ကို ဆန့်ကျင်ရေးနေသည့် မီဒီယာသမားများဖြစ်သော အမြဲတမ်းတွေ့နေရသည့် BBC သတင်းထောက် ရန်ကုန်မှာရှိကြောင်း၊ VOA သတင်းထောက်လည်း ၎င်းအတိုင်းရှိကြောင်း၊ RFA သတင်းထောက်လည်းရှိကြောင်း၊ ၎င်းတို့ကို မိမိတို့က ဖမ်းဆီးထားခြင်းမရှိကြောင်း၊ သို့သော် မိမိတို့ကို

မေးမြန်းခွင့်ပြုစေလိုကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ အင်ဒို-ပစိဖိတ် မဟာဗျူဟာအရ မိမိတို့ မြန်မာနိုင်ငံသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါလာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်နိုင်ငံများသို့ မည်သူများ လာရောက်သလဲဆိုသည်ကို ကြည့်မည်ဆိုပါက UN၏ ကုလသမဂ္ဂကိုယ်စားလှယ် သံကိုယ်စားလှယ် ကိုယ်တိုင်လာရောက်ခဲ့ခြင်းရှိကြောင်း၊ မကြာမီက အမေရိကန်သံအမတ်ကြီး ကိုယ်တိုင်လည်း အိမ်နီးချင်းနိုင်ငံကို လာရောက်ခဲ့ကြောင်း၊ ထို့အပြင် အင်ဒို-ပစိဖိတ် ဒေသ၌ ၇ ဒသမ ၁ ဘီလီယံအထိ သုံးမည်ဆိုသည့် အနေအထားများအရ ၂၀၂၂ ခုနှစ်ထဲ၌ အရှိန်မြှင့်ပြီး တွန်းလာမည့် သဘောတရားများ ရှိပါကြောင်း၊ ထို့ကြောင့် ပြည်သူများနှင့် အမျိုးသားနိုင်ငံရေးသမားများအားလုံးက ဆူပူအကြမ်းဖက်မှုများအပါအဝင် တိုင်းပြည်ကို နိုင်ငံရေးအရပါ ဝင်ရောက်စွက်ဖက်ပြီး စိုးမိုးခြယ်လှယ်ဆောင်ရွက်လာမည်ကို အင်မတန်စိုးရိမ်နေမိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိုအခြေအနေများကို ကြိုတင်မျှော်တွေးပြီး ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်းနှင့် ရှိခဲ့လျှင်လည်း အကြမ်းဖျင်းဖော်ပြပေးစေလိုပါကြောင်း မေးမြန်းသည်။

### အကြမ်းဖက်မှုများ အမြန်ဆုံးပပျောက်စေရေး

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုအကြောင်းအရာနှင့်ပတ်သက်၍ အကျဉ်းချုပ်ပြောရမည်ဆိုလျှင် နံပါတ်(၁) နိုင်ငံခြားရေးမူဝါဒသည်

**❍ မီဒီယာများ မည်သို့ခြိမ်းခြောက်ခံရကြောင်း၊ မီဒီယာများနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနှင့် မီဒီယာများကို မည်သို့နှိပ်ကွပ်ကြောင်း၊ ထိုသို့မိမိတို့ကို ဆန့်ကျင်ရေးနေသည့် မီဒီယာသမားများဖြစ်သော အမြဲတမ်းတွေ့နေရသည့် BBC သတင်းထောက် ရန်ကုန်မှာရှိကြောင်း၊ VOA သတင်းထောက်လည်း ၎င်းအတိုင်းရှိကြောင်း၊ RFA သတင်းထောက်လည်းရှိကြောင်း၊ ၎င်းတို့ကို မိမိတို့က ဖမ်းဆီးထားခြင်း မရှိကြောင်း၊ သို့သော် မိမိတို့ကို စွပ်စွဲထားသည်များလည်းရှိကြောင်း၊ ပြည်တွင်း၌ အမျိုးသားနိုင်ငံရေးအတွက် လုပ်နေသည့် သတင်းထောက်များ အသတ်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းများကို နိုင်ငံတကာ မီဒီယာများကလည်း အရှက်မရှိ နှုတ်ဆိတ်နေ**

စွပ်စွဲထားသည်များလည်းရှိကြောင်း၊ ပြည်တွင်း၌ အမျိုးသားနိုင်ငံရေးအတွက် လုပ်နေသည့် သတင်းထောက်များ အသတ်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းများကို နိုင်ငံတကာ မီဒီယာများကလည်း အရှက်မရှိ နှုတ်ဆိတ်နေကြောင်း၊ ထိုအကြောင်းအရာကို ယခု သတင်းစာရှင်းလင်းပွဲ၌ ဖော်ထုတ်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ၎င်းအကြောင်းအရာများကို ပြည်ထဲရေးဝန်ကြီးဌာနကို ပေးစေလိုကြောင်း။

### လုံခြုံရေးအရ ဆောင်ရွက်သွားမည်

ကိုယ့်ကိုယ်ကိုယ် ခုခံပိုင်ခွင့်အတွက်နှင့်ပတ်သက်၍ ပြောရလျှင် ဥပဒေအရ မိမိတို့က လက်နက်ထုတ်ပေး၍ မရကြောင်း၊ သို့သော် မိမိကိုသေစေရန် သော်လည်းကောင်း၊ မိမိကို အပြင်းအထန် ဒဏ်ရာရစေရန် လုပ်လိုက်သည့်အတွက် မိမိကိုယ်ကို ခုခံပိုင်ခွင့်အရ ပြုလုပ်လိုက်သောအမှုသည် ပြစ်မှုကျူးလွန်ရာမရောက်ဟု ပါရှိကြောင်း၊ ထို့ကြောင့် မိမိပြောလိုသည်မှာ ပြစ်မှုကျူးလွန်ရာမရောက်ဟု ဆိုလျှင် ရပြီဖြစ်ပါကြောင်း၊ မည်သည့်အရာနှင့် လုပ်ပါဟူ၍လည်း မပါကြောင်း၊ ထိုသို့ဆိုလျှင် သိနိုင်မည်ဟုထင်ကြောင်း၊ ယခုလို ဖော်ထုတ်ပေးသည့်အတွက်ကြောင့်လည်း ကျေးဇူးတင်ပါကြောင်း၊ ထိုစာရင်းများကိုလည်း မိမိတို့ကို ပေးခဲ့စေလိုကြောင်း၊ သက်ဆိုင်ရာ ပြည်ထဲရေး၊ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်သည့် သတင်းထောက်များအနေဖြင့် ယခုကဲ့သို့ အခြေအနေမျိုးရှိလျှင် ထိုကဲ့သို့ မိမိတို့ကို ပေးပို့စေလိုကြောင်း၊ ခြိမ်းခြောက်ခံရသည့်စာများ မိမိတို့ထံ တင်ပြထားသူများလည်း ရှိကြောင်း၊ ၎င်းတို့ကိုလည်း ဆက်လက်၍ လုံခြုံရေးအရ ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာသတင်းမီဒီယာမှ CEO ဦးအောင်ကျော်ဦး**က မေးမြန်းရာတွင် ယခုမြန်မာနိုင်ငံတွင် ခတ်ဆီဈေး၊ ဒီဇယ်ဈေးသည် နှစ်ဆမတက်သေးသော်လည်း ပြည်တွင်း၌ပင် လိုင်းပြေးဆွဲနေသည့် ကားခ အကုန်လုံးသည် ကားခသုံးဆတက်နေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် ထိုကိစ္စကို ယခု လောလောဆယ်တွင် မိမိဖြေကြားနိုင်ခြင်းမရှိပါကြောင်း၊ မိမိတို့ သက်ဆိုင်ရာဌာန ကို မေးမြန်း၍ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းမီဒီယာမှ အယ်ဒီတာ ဦးမင်းဂေါင်** က အမေရိကန် အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့် ဥပဒေနှင့်ပတ်သက်၍ မိမိတို့ ပြဋ္ဌာန်းထားသည့်အတိုင်း လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ ကျင့်သုံးနေကြောင်း၊ ၎င်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)စာအုပ်ထဲ၌လည်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ လက်တွေ့တွင် မိမိပြောလိုက်သည့် စကားထဲတွင်လည်း ပါပြီးဖြစ်ကြောင်း၊ လက်တွေ့တွင် မိမိနိုင်ငံအကျိုးကို လိုလားသည့် မိမိနိုင်ငံအပေါ် သဘောထားရှုမြင်မှုကောင်းသည့်နိုင်ငံများနှင့် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအရာသည် ဘက်လိုက်ခြင်းမဟုတ်ကြောင်း၊ Reality ဖြစ်ကြောင်း၊ နံပါတ်(၂)အချက်သည် ပြည်တွင်းရေးဖြစ်ပြီး ပြည်တွင်းရေးနှင့်ပတ်သက်ပြီး မိမိတို့ အနေနှင့် အကြမ်းဖက်မှုများ အမြန်ဆုံး ပပျောက်စေရေးအတွက် ပြည်သူလူထုပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်သူလူထုပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို မိမိတို့ စစ်ကိုင်းတိုင်းဒေသကြီးတွင် စတင်ပြီး အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်သည့်အတွက်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းတွင် ဖော်ထုတ်ဖမ်းဆီးရမိမှုများ၊ PDF စခန်းများကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လာနိုင်မှုများ များပြားလာခဲ့ပြီဖြစ်ကြောင်း၊ ထိုနှစ်ချက်ကို မိမိတို့ဆောင်ရွက်လျက်ရှိသည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောအွန်လိုင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က သတင်းစာရှင်းလင်းပွဲနဲ့ပတ်သက်၍ တောင်းဆိုစရာတစ်ခုရှိကြောင်း၊ မိမိအနေဖြင့် ကရင်ပြည်နယ်မှ လာရသဖြင့် အလွန်ဝေးပါကြောင်း၊ လမ်းခရီးတွင်လည်း ဒုက္ခအမျိုးမျိုးဖြင့် လာခဲ့ရကြောင်း၊ မိမိကိုလည်း ဒလန်ဟုစွပ်စွဲခံရကာ သတ်မည်ဟု ခြိမ်းခြောက်ခံထားရကြောင်း၊ သို့သော် မေးခွန်းတစ်ခုတည်းသာ မေးခွင့်ရသဖြင့် မိမိအတွက် နည်းလွန်းပါကြောင်း၊ မိမိတို့အနေဖြင့် ပေးဆပ်ရမှုမနည်းပါကြောင်း၊ မိမိသည် တိုင်းရင်းသားလက်နက်ကိုင်ဒေသတွင် နေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအား မေးခွန်းသုံးခုခန့် မေးမြန်းခွင့်ပြုစေလိုကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပျက်နေသည့် လျှပ်စစ်လုံလောက်မှုမရှိသည့် ကိစ္စ၊ ယခု မီတာခဆောင်သည့်သူနှင့် ဘေလ်မဆောင်သူ ပြဿနာ၊ မီတာခဆောင်သည့်သူနဲ့ မဆောင်သူများက မီးပျက်လျှင် အတူတူ ဝေမျှခံစားရကြောင်း၊ ထို့ကြောင့် မီတာခဆောင်သည့်သူက နစ်နာသည်ဟု အော်နေကြောင်း၊ မီတာမဆောင်သူများကို မီးဖြတ်လျှင် လျှပ်စစ်ဝန်ထမ်းများအတွက် လုံခြုံရေးကလည်း စိုးရိမ်ရကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဝန်ထမ်းများအတွက် လုံခြုံရေးမည်မျှအထိ ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း၊ *စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

မိမိတွေ့ဆုံမေးမြန်းထားသည့် အတိုင်းအတာအရ မိမိတို့နိုင်ငံတွင် မဂ္ဂါဝပ် ၄၀၀၀ ကျော်ကို သုံးစွဲနေသည်ဟု သိရကြောင်း၊ အမှန်တကယ် ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ပုဂ္ဂလိက အပါအဝင် ၃၅၀၀ ကျော်သာ ရှိကြောင်း၊ မဂ္ဂါဝပ်မပြည့်ကြောင်း၊ ထို့အပြင် LPG ကလည်း ဈေးကြီးသဖြင့် သာကေတနှင့် လှော်ကားတို့ကို ရပ်ထားရသောကြောင့် မဂ္ဂါဝပ် ၁၀၀၀ ခန့် ထပ်လျော့ကြောင်း၊ ထိုသို့ ထပ်လျော့သည့်အခြေအနေကြောင့် မိမိတို့ ကရင်ပြည်နယ်တွင် မီးနှစ်နာရီရပြီး လေးနာရီပျက်သည့် ဒုက္ခများခံစားနေရကြောင်း၊ NLD အစိုးရလက်ထက်က လွှတ်တော်ပုဂ္ဂိုလ်များလည်း ဂျပန်နိုင်ငံကို သွား၍လေ့လာခဲ့ကြောင်း၊ ကရင်ပြည်နယ်၊ ဟတ်ကြီးတွင် တိုယိုဒိုင်းကုမ္ပဏီမှ မဂ္ဂါဝပ် ၆၄၀ နှစ်လုံး ၁၂၈၀ ထုတ်လုပ်ရန် လျာထား ကြောင်း၊ တိုယိုဒိုင်းကုမ္ပဏီက Investment လုပ်မည်ဟု သိရကြောင်း၊ မိမိတို့ ကရင်ပြည်နယ်အစိုးရအနေဖြင့် ၁ ဒသမ ၅ ရာခိုင်နှုန်းကို အကျိုးအမြတ်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် သံလွင်မြစ်ကြောင်း၌ မြစ်သောင်ထွန်းနေမှုကို ၎င်းတို့၏ ကျောက်မီးသွေးသင်္ဘောလာသည့်အချိန်တွင် အခက်အခဲမရှိစေရန် သဲများတူးဖော်ပြီး ရရှိလာသည့်သဲများကို နိုင်ငံခြားသို့ တင်ပို့မည်ဟု သိရကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်အနေဖြင့် မြေယာကိစ္စကို ဆောင်ရွက်ပေးရမည်ဖြစ်သောကြောင့် ကရင်ပြည်နယ်အစိုးရ ရန်ပုံငွေမှ သိန်းပေါင်း ၉၀၀၀ ကျော်ကို ဧက ၈၀၀ ကျော်အတွက် လျော်ကြေးပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအတွက် လျှပ်စစ်မီးလိုလားချက် ရေရှည် Long-Plan အတွက် ထည့်သွင်းစဉ်းစား၍ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ယင်းကျောက်မီးသွေး လျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ပေးရန် ရှိ/မရှိ ပထမမေးခွန်းအနေဖြင့် သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ကျောက်မီးသွေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မရှိကြောင်း၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လုံလောက်ရေးအတွက် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်ပြီး လိုအပ်ချက်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်လုပ်ငန်းများမှာ အလယ်ပေါင်းလောင်း ၁၅၂ မဂ္ဂါဝပ်၊ ရွှေလီ(၃) ၆၇၂ မဂ္ဂါဝပ်၊ ကျောက်မဲ ၂၈၀ မဂ္ဂါဝပ်၊ အထက်ရဲရွာ သူငွေး ရေအားလျှပ်စစ်စီမံကိန်း သံတွဲ ၁၁၁ မဂ္ဂါဝပ်၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲ ၅၁ မဂ္ဂါဝပ်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အားလုံးသတိပြုဖို့ရာမှာ ရေအားလျှပ်စစ်များသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆိုလာစနစ်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ကျောက်မီးသွေးနှင့် ပတ်သက်၍ ဦးသိန်းစိန်အစိုးရလက်ထက်နှင့် NLD အစိုးရလက်ထက်တို့တွင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သို့သော် လူထုကန့်ကွက်မှုများလည်းရှိခဲ့ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာအရ မိမိအနေဖြင့် မသိရှိရကြောင်း၊ နည်းပညာပိုင်းဆိုင်ရာအရ မငြင်းလိုကြောင်း၊ မိမိသိရသလောက် ရေအားလျှပ်စစ်စီမံကိန်းများနှင့် ဆိုလာစနစ်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးချွေတာနိုင်ရန်အတွက် LED မီးများနှင့် လဲလှယ်တပ်ဆင်နိုင်ရေး ပညာပေးလုပ်ဆောင်နေမှုများရှိကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောအွန်လိုင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး** က မြဝတီနယ်စပ် သောင်းရင်းမြစ်၊ မြန်မာနိုင်ငံ မြဝတီမြို့ ချစ်ကြည်ရေးသံတံတားအောက်တည့်တည့် ထိုင်းနိုင်ငံ၊ မယ်သော်ဘက်အခြမ်းတွင် မြစ်ကမ်းထိန်းနံရံလုပ်ခြင်းကို သမ္မတကြီး ဦးသိန်းစိန်လက်ထက် မိမိတို့ဘက်က ကန့်ကွက်ခဲ့ကြောင်း၊ ကန့်ကွက်၍မရသဖြင့် ချစ်ကြည်ရေးတံတား (၁) ကို မိမိတို့ မြန်မာဘက်ကမ်းက ပိတ်လိုက်ကြောင်း၊ ယင်းသို့ ပိတ်လိုက်မှသာ ၎င်းတို့လုပ်ငန်းများ ရပ်သွားကြောင်း၊ ယခု မိမိတို့နိုင်ငံတွင် ပဋိပက္ခဖြင့် ရှုန်းကန်နေရသည့်အချိန်တွင် ထိုင်းနိုင်ငံဘက်မှ ချစ်ကြည်ရေးတံတား(၂)၏ အောက်တွင် မြစ်ကမ်းထိန်းနံရံ လုပ်နေကြောင်း၊ NLD အစိုးရလက်ထက်တွင်လည်း လုပ်သဖြင့် ပြည်သူများကန့်ကွက်သော်လည်း အစိုးရက မကန့်ကွက်ကြောင်း၊ သမ္မတကြီးဦးသိန်းစိန် လက်ထက်တွင်လည်း ကန့်ကွက်ကြောင်း၊ ယခု မြစ်ကမ်းထိန်းနံရံကို ၎င်းတို့ဘက်ကလုပ်နေသည်မှာ ရေလယ်ကျွန်းအထိ ရောက်လာပြီဖြစ်ကြောင်း၊ သောင်းရင်းမြစ်တစ်ဝက် ရေလယ်ကောင် သောင်ထွန်းသည့်နေရာမှ စတင်လုပ်ကိုင်ခဲ့သဖြင့် မိမိတို့ဘက်တွင် ကမ်းများပြိုကျလာနေပြီဖြစ်ကြောင်း၊ မိမိတို့ဘက်က မြေများလည်း ပြိုကျနေကြောင်း၊ ယင်းကိစ္စကို ကန့်ကွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဆက်လက်လုပ်ဆောင် ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်များတွင် စည်းမျဉ်းစည်းကမ်းများရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် မြစ်ကြောင်း နယ်နိမိတ်စည်းကမ်းများ၊ ကုန်းပေါ်ရှိ စည်းကမ်းများ၊ ဘယ်နမိတ်တာအတွင်း အဆောက်အအုံအခိုင်အမာ မဆောက်ရစသည့် စည်းကမ်းများသည် နှစ်နိုင်ငံတွင် ရှိပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ မြစ်ကြောင်းများတွင် မြေထိန်းနံရံတည်ဆောက်မှုနှင့် ပတ်သက်ပြီး နှစ်နိုင်ငံသဘောတူညီချက်များကို နှစ်နိုင်ငံသိပြီးသားဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

❑ **ဆင်းကတ်များကို အလွယ်တကူဝယ်ယူ၍ တလွဲသုံးခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံသားများ၏ လုံခြုံရေးထိခိုက်စေမှု စသည့်မလိုလားအပ်သည့်ကိစ္စများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ဆင်းကတ်အသုံးပြု၍ အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲခြင်းများ ဆောင်ရွက်လာနိုင်သည့်အတွက် ပြည်သူလူထုကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် ဆင်းကတ်ကို အသုံးပြု၍ ကျူးလွန်လာနိုင်သည့် ရာဇဝတ်မှုများကို ထိန်းချုပ်/ လျှော့ချနိုင်ရေးနှင့် ဥပဒေပြင်ပလုပ်ရပ်များကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဆင်းကတ်များကို အသုံးပြု၍ အင်တာနက် အလွန်အကျွံသုံးစွဲခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်စေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်**

**နေပြည်တော်တိုင်းအွန်လိုင်းသတင်းအေဂျင်စီမှ သတင်းထောက် ဦးမင်းမောင်** က မြန်မာနိုင်ငံတွင် အင်တာနက်ဈေးနှုန်းများ တက်နေသည်ကို သိရှိရပါကြောင်း၊ ဖုန်းကတ်များကိုလည်း နိုင်ငံတော်က အခွန် ၂၀၀၀၀ ဆောင်ရမည်၊ ကတ်ဖိုး ၁၅၀၀ နှင့် စုစုပေါင်း ၂၁၅၀၀ဟု သတ်မှတ်လိုက်သည့်အပေါ်တွင် ပြည်သူလူထု၏ ဝေဖန်မှုများ မြင့်တက်နေပါကြောင်း၊ အဆိုပါကိစ္စကြောင့် ပြည်သူလူထုတွင် အခက်အခဲမျိုးစုံ ရှိနေပါကြောင်း၊ ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်ခဲ့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ပြည်သူများ၏ အထင်မှား၊ အမြင်မှားမှုများ ရှိနေပါကြောင်း၊ ယခုကဲ့သို့ ဆင်းကတ်များကို တန်ဖိုးမြှင့်တင်ခဲ့သည့်အပေါ်တွင် လူအတော်များများက မလိုအပ်သည့် သတင်းများဖြန့်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သည့်အစီအမံဖြင့် မည်ကဲ့သို့ပြုလုပ်ထားသည်ကို ပြည်သူလူထုအားလုံး ရှင်းရှင်းလင်းလင်း သိရှိနိုင်စေရန် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုမေးခွန်းကိုမေးမြန်းသည့် သတင်းထောက်ကြီးအနေဖြင့် ကိုယ်တိုင်ဆင်းကတ် သွားရောက်ဝယ်ယူပြီးဖြစ်ပါသလားဟု မေးမြန်းလိုကြောင်း၊ မိမိအနေဖြင့် သတင်းထောက်ကြီး သိသာစေရန် မေးမြန်းခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးကို ဆန့်ကျင်၍ မေးမြန်းခြင်းမဟုတ်ကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ယခု ၂၀၀၀၀ တန်ဆင်းကတ်ကို သွားရောက်ဝယ်ယူပြီးဖြစ်ပါသလားဟု ပြန်လည်မေးမြန်းသည်။

**နေပြည်တော်တိုင်းအွန်လိုင်းသတင်းအေဂျင်စီမှ သတင်းထောက် ဦးမင်းမောင်** က မိမိတွင် မှတ်ပုံတင်ပြီးသား ဆင်းကတ်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီး အသုံးပြုရန်အတွက် နောက်ထပ်ဆင်းကတ်တစ်ကတ် လိုအပ်ပါသလား၊ သတင်းထောက်ကြီးတွင် လက်ရှိ အသုံးပြုနေသည့် ဖုန်းမည်မျှရှိပါသလဲ၊ ဆင်းကတ်မည်မျှ အသုံးပြုနေပါသလဲကို သိလိုကြောင်း၊ သတင်းထောက်တစ်ဦးဖြစ်သည့်အတွက် အနည်းဆုံး ဖုန်းနှစ်လုံးနှင့် ဆင်းကတ် နှစ်ကတ်ရှိမည်ဟု မိမိထင်ကြောင်း မေးမြန်းသည်။

**နေပြည်တော်တိုင်းအွန်လိုင်းသတင်းအေဂျင်စီမှ သတင်းထောက် ဦးမင်းမောင်** က မိမိတွင် လက်ရှိအသုံးပြုနေသည့် ဖုန်းနှစ်လုံးနှင့် ဆင်းကတ် လေးကတ်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိပေါ်လွင်အောင် ပြောချင်သည်မှာ အဆိုပါ ကိစ္စဖြစ်ကြောင်း၊ ယခုဆင်းကတ်တစ်ကတ်လျှင် ၂၀၀၀၀ ဆိုသည့်ဈေးနှုန်းသည် နောက်ထပ်ဝယ်ယူမည့် ဆင်းကတ်အတွက်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် လူဦးရေ သန်း ၅၀ နီးပါးရှိကြောင်း၊ ဆင်းကတ်အသုံးပြုသည့်လူဦးရေမှာ သန်း ၇၀ ရှိကြောင်း၊ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံး၌ လူတစ်ဦးလျှင် အနည်းဆုံး ဆင်းကတ် တစ်ကတ် ပိုင်ပြီးဖြစ်ကြောင်း၊ သန်း ၅၀၊ ၅၄ သန်းဆိုရာတွင် မွေးကင်းစအရွယ်အထိ ပါဝင်ကြောင်း၊ ထို့ကြောင့် နောက်ထပ်ဝယ်ယူမည့် ဆင်းကတ်များအတွက်သာ ဈေးနှုန်း ၂၀၀၀၀ သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ယခင် ဆင်းကတ်များအတွက် မဟုတ်ပါကြောင်း၊ မည်သည့်အတွက်ကြောင့် ယခုလို ဈေးနှုန်းပြောင်းလဲသတ်မှတ်ရသည်ကို ပြောရမည်ဆိုပါက နံပါတ်(၁)အနေဖြင့် လုံခြုံရေးအခြေအနေကြောင့်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်မှ မိမိတို့ မြန်မာနိုင်ငံကဲ့သို့ ဆင်းကတ်အား လွတ်လွတ်လပ်လပ် ဝယ်ယူ၍ မရကြောင်း၊ ယခုလက်ရှိတွင် Keypad ဖုန်းများ၊ ဆင်းကတ်များဖြင့် ဗုံးခွဲနေကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကန့်သတ်လိုက်ခြင်းဖြစ်ကြောင်း။

### ပြည်သူလူထုကို ထိခိုက်လာနိုင်

နောက်တစ်ချက်မှာ နိုင်ငံတကာအခြေအနေကြောင့် ဖြစ်ကြောင်း၊ ယခုလက်ရှိ နိုင်ငံတကာတွင် Sim Card Activation Test များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ ပါကစ္စတန်၊ အီတလီ၊ တူရကီနိုင်ငံတို့တွင် လုပ်ဆောင်လျက်ရှိကြောင်း၊ ဆင်းကတ်များကို အလွယ်တကူဝယ်ယူ၍ တလွဲသုံးခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံသားများ၏ လုံခြုံရေးထိခိုက်စေမှု စသည့်မလိုလားအပ်သည့်ကိစ္စများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ဆင်းကတ်အသုံးပြု၍ အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲခြင်းများ ဆောင်ရွက်လာနိုင်သည့်အတွက် ပြည်သူလူထုကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် ဆင်းကတ်ကို အသုံးပြု၍ ကျူးလွန်လာနိုင်သည့် ရာဇဝတ်မှုများကို ထိန်းချုပ်/ လျှော့ချနိုင်ရေးနှင့် ဥပဒေပြင်ပလုပ်ရပ်များကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဆင်းကတ်များကို အသုံးပြု၍ အင်တာနက် အလွန်အကျွံသုံးစွဲခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်စေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ယခု လက်ရှိဖြစ်နေသည့် အခြေအနေမှာ ဆင်းကတ်တစ်ကတ်ကို အလွယ်တကူ ဝယ်ယူ၍ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ချိပြီးနောက် ဆင်းကတ်မှာ တန်ဖိုးမည်မျှမှ မရှိသည့်အတွက် အလွယ်တကူ ချိုးဖဲ့ပြီး လွှင့်ပစ်လိုက်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေများအတွက် မိမိတို့က ထိန်းချုပ်လိုက်ခြင်းဖြစ်ကြောင်း၊ အခြားပြည်သူလူထုကို ဖိနှိပ်ရန်၊ ပြည်သူလူထု အကျပ်အတည်းဖြစ်စေရန် ရည်ရွယ်ပြီး လုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ အင်တာနက် အခွန်အကောက်များနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက အများပြည်သူနှင့် ဆက်ဆံနေရသည့် ကျန်းမာရေး၊ ပညာရေးကဏ္ဍများနှင့် ပတ်သက်ပြီး ပြန်လည်စဉ်းစားပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်ဤမျှသာ ဖြေကြားလိုကြောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်ကိုလည်း ဖိတ်ကြားထားပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ဖြေကြားလိုသည်များရှိပါက ဖြေကြားပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး** က ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြေကြားသွားသည်မှာ ပြည့်စုံပါကြောင်း၊ မိမိအနေဖြင့် သီးခြားဖြည့်စွက်ဖြေကြားရန် မရှိပါကြောင်း ဖြေကြားသည်။

**နေပြည်တော်တိုင်းအွန်လိုင်းသတင်းအေဂျင်စီမှ သတင်းထောက် ဦးမင်းမောင်** က ဒုတိယမေးခွန်းအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင် EAOs အဖွဲ့များနှင့်ပတ်သက်ပြီး မေးမြန်းလိုပါကြောင်း၊ သမ္မတကြီးဦးသိန်းစိန် လက်ထက်တွင် EAOs အဖွဲ့ ရှစ်ဖွဲ့ကို NCA လက်မှတ်ရေးထိုးပြီး တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ ယခုလက်ရှိတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် EAOs အဖွဲ့များ အားလုံးပူးပေါင်း၍ NCA လက်မှတ်ရေးထိုးနိုင်ရန် အစီအစဉ်များ ရေးဆွဲလျက်ရှိသည်ဟု သိရကြောင်း၊ ထိုအစီအစဉ်များကို မည်သည့်အခြေအနေ၊ မည်သည့်အချိန်အခါတွင် NCA လမ်းကြောင်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၂၀ သို့*

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “ရေဦးမြို့နယ် ပလူဇာ၀တိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ်နှစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှု” ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်များ၏ အဓိက အသက်ကယ်ဆေးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးမည့် Liquid Oxygen သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို မြဝတီမြို့နယ်တွင် အကြမ်းဖက်သောင်းကျန်းသူများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်သည့်ဖြစ်စဉ်” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်အင်္ဂါနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၅၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၅၅၃၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၃၀/၁၅၄၀ ကျပ် | ၁၅၃၀/၁၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၄၀/၁၅၅၀ ကျပ် | ၁၅၄၅/၁၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၉၀/၁၅၂၅ ကျပ် | ၁၅၄၀/၁၅၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၅၄၀/၁၅၉၅ ကျပ် | ၁၆၄၅/၁၆၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၆၉၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၀ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၄၀ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၂၀၀ | ၁၃၇၆ | ၁၁၂၇၉၂၀၀ |
| MTSH | ၃၀၀၀ | ၃၁၀၀ | ၁၀၇၇ | ၃၂၉၈၇၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၄၀ | ၃၁၆၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၇၆ | ၁၄၈၂၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅ | ၁၃၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၃၀၀ | ၅၁၀၀ | ၁၁ | ၅၆၃၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ဓေဗျဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ ယဉ်ကျေးလိမ္မာ ဖမွှေတေးကဗျာ(၉)
- ၀၉:၁၅ မွေးမြူရေးရာအဖြာဖြာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း ‘အမြင်’
- ၁၁:၄၅ ဆေးဘက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ စိန်ရတုပြည်ထောင်စုလွှတ်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား ‘ကျန်စစ်သားမင်းကြီး၏ ခေါင်းဆောင်မှုအရည်အသွေး’
- ၁၇:၁၀ ခေတ်အလိုက်ကြေးမုံပြင်
- ၁၇:၃၅ MRTV Travelogue
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘အတိတ်ဒါဏ်ဒါဏ် အချစ်ချိုချို’ (အပိုင်း-၂၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘အဝေးဆုံးသောနေရာ’ (အပိုင်း-၂၂)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း ‘လျှာ’

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

### mitv

- 07:01 Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:09 Myanmar Childhood Games (Episode-2)
- 07:17 Introductory Programme of Literary Award Winners (U Ye Dway)
- 07:40 A Glance At A Naga Family Life
- 08:01 Pan Tamawt... Stone Carving
- 08:29 A Visit to Yangon's Coastal Area
- 08:47 Living in Off-season
- 09:01 News
- 09:26 Global Partnership for Brighter Future: Mexico Pavilion at Expo 2020 Dubai
- 09:36 Mommy Cook: The Foster Mother
- 09:54 Colonial Buildings and a New Yangon
- 10:01 Wholesale Fish
- 10:07 Egg Shell

### MRTV NRC

**ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၈)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ချိုအေးမွှေးတဲ့အုန်းမွှေးလုံး

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါအလည်ရောက်စေချင်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)** မွန်ယဉ်ကျေးမှုရှေးဟောင်းသမိုင်းလက်ရာများ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ထင်းရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၂) (ဇာတ်လမ်း)

**ဗ (၁၇:၀၀ မှ ၁၉:၀၀)** မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်မှုဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း

**ကယား (၂၁:၀၀ မှ ၂၃:၀၀)** စာဖတ်ခြင်း၏အကျိုးကျေးဇူး

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘တောင်းပန်ပါတယ်’
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း(အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel (MRTV FARMERS') ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို ဝန်နေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၁၈ မှ*

**အချိန်တိုအတွင်း ဖြေရှင်းနိုင်မည့်ကိစ္စများမဟုတ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က မိမိတို့အနေဖြင့် အဆိုပါကိစ္စကို အမြန်ဆုံးဖြစ်မြောက်စေလိုကြောင်း၊ မိမိတို့သာမကဘဲ ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် အစိုးရအဆက်ဆက်ကလည်း အမြန်ဆုံးဖြစ်မြောက်စေလိုကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ လက်ထက်တုန်းကလည်း အတူတူပင်ဖြစ်ကြောင်း၊ ထို့နောက် တပ်မတော်အစိုးရလက်ထက်နှင့် သမ္မတကြီးဦးသိန်းစိန် အစိုးရလက်ထက်တို့တွင်လည်း အတူတူပင်ဖြစ်ကြောင်း၊ NLD အစိုးရလက်ထက်တွင်လည်း အတူတူပင် ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အစိုးရများအနေဖြင့် အမြန်ဆုံးဖြစ်စေချင်ကြမည်ဖြစ်ကြောင်း၊ သို့သော် ဆွေးနွေးညှိနှိုင်းရာတွင် ဘက်နှစ်ဖက်ရှိပါကြောင်း၊ EAOs အဖွဲ့များတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစကပင် အမြစ်တွယ်လာသည့် အဖွဲ့များရှိသကဲ့သို့ နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ပေါ်လာသည့်အဖွဲ့များလည်းရှိကြောင်း၊ အနီးစပ်ဆုံးအဖွဲ့များမှာ ၂၀၁၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် TNLA ၊ AA နှင့် MNDAA ဟူသည့် အဖွဲ့ သုံးဖွဲ့ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာခဲ့သည့် အဖွဲ့များလည်း ရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက ၎င်းတို့၏ အမှတ်အသားသရုပ်နှင့် ၎င်းတို့၏ အခွင့်အရေး၊ တိုင်းရင်းသားအရေးများနှင့်ပတ်သက်ပြီး ၎င်းတို့အများစုက ရပ်တည်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စများမှာ အချိန်တိုအတွင်း ဖြေရှင်းနိုင်မည့်ကိစ္စများ မဟုတ်ကြောင်း။

၂၀၁၅ ခုနှစ်တွင် NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ကိစ္စကိုလည်း မိမိအစောပိုင်းက ပြောခဲ့ကြောင်း၊ ထိုသို့ NCA လက်မှတ်ရေးထိုးနိုင်ရန် အတွက် ယခင်က ကြိုတင်ဆောင်ရွက်ခဲ့ရသည့် အခင်းအကျင်းများမှာ နှစ်ပေါင်းများစွာ ကြာမြင့်ပါကြောင်း၊ အဆိုပါ အခင်းအကျင်းများကို တပ်မတော်အစိုးရလက်ထက်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်ဟု ပြော၍ရကြောင်း၊ တပ်မတော်အစိုးရလက်ထက်ကတည်းကပင် Bilateral ထိုးခြင်းများရှိသကဲ့သို့ Gentlemen’s Agreement များနှင့် အစည်းအဝေးများလည်း အကြိမ်ကြိမ်လုပ်ခဲ့ရကြောင်း၊ ယုံကြည်မှုများ အကြိမ်ကြိမ်တည်ဆောက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ယခုအချိန်တွင် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုအဖွဲ့ အနေဖြင့် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှ ဒီဇင်ဘာလ ၂၀ ရက်နေ့ကျော်အထိ တွေ့ဆုံဆွေးနွေးခဲ့သည့်ကိစ္စများကိုလည်း အစောပိုင်းက မိမိပြောကြားခဲ့ကြောင်း၊ NCAလက်မှတ်ထိုးပြီးအဖွဲ့များနှင့် အကြိမ်မည်မျှတွေ့ဆုံခဲ့သည်၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့်အဖွဲ့များနှင့် အကြိမ်မည်မျှတွေ့ဆုံခဲ့သည်၊ နိုင်ငံရေးပါတီများနှင့် အကြိမ်မည်မျှတွေ့ဆုံခဲ့သည် စသည့်အချက်များ ပါဝင်ကြောင်း၊ ဆက်လက်ပြီးလည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ပြီး နားလည်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် ပထမအဆင့်များဖြစ်သည့် Bilateral ကိစ္စများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိစ္စများ၊ Gentlemen’s Agreement ကိစ္စများ ဆက်လက်ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ခြေလှမ်းတစ်လှမ်း လှမ်းနိုင်လိမ့်မည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press သတင်းဌာနမှ သတင်းထောက် အယ်ဒီတာ မိုးသောက်ပန်း** က အိမ်ခြေရာခြေမဲ့၊ အိုးမဲ့၊ အိမ်မဲ့ပြဿနာများကို မေးမြန်းလိုကြောင်း၊ မိမိတို့တိုင်းပြည်တွင် တက်လာသည့် အစိုးရအားလုံးသည် တိုင်းပြည်၏ အမိ/အဖ ဖြစ်ကြောင်း၊ ပြည်သူပြည်သားများသည် သား သမီးနေရာတွင်ရှိကြောင်း၊ အဆိုပါ ပြည်သူပြည်သားများအနက်အချို့မှာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့အိမ်ရာမဲ့ဘဝကို ရောက်ရှိနေကြကြောင်း၊ နိုင်ငံတော်အစိုးရ အဆက်ဆက်အနေဖြင့် ဥပဒေနှင့်အညီ သင့်တော်ရာတွင် စဉ်ဆက်မပြတ်နေရာချထားပေးရန် လိုအပ်ပါကြောင်း၊ တာဝန်လည်းရှိပါကြောင်း၊ သို့သော် အချိန်နှင့်တစ်ပြေးညီ မဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် အိမ်ရာမဲ့များ၏ ဘဝ ပြဿနာမှာ တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာပါကြောင်း၊ ဥပမာအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၈ တွင် ယခု ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖယ်ပေးရမည်ဟု ဖိအားအမျိုးမျိုးဖြင့် လာရောက်၍ဖျက်ပေးရန် ပြောလာခဲ့သဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့် ကြီးစွာသောကရောက်နေကြရပါကြောင်း၊ အဆိုပါ ရပ်ကွက်ကဲ့သို့ အခြေအနေမျိုးကို နိုင်ငံအနှံ့တွင် ရှင်း၍မကုန်နိုင်အောင်ပင် ပြဿနာများရှိနေပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လူမျိုးခြားအချို့ပင် မြေယာ ဧက ရာနှင့်ချီကို ဝယ်၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော်လည်း မြန်မာနိုင်ငံသားမှတ်ပုံတင် ကိုင်ဆောင်ထားသည့် မိမိတို့၏ မြန်မာနိုင်ငံသားစစ်စစ်များမှာ မိမိတို့နိုင်ငံအတွင်း၌ပင် ကျူးကျော်အဖြစ်ဖြင့် နေထိုင်စရာနေရာမရှိဘဲ ခိုကိုးရာမဲ့ဖြစ်နေသည်မှာ အင်မတန်ဝမ်းနည်းဖွယ်ရာကောင်းပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်၏ မိဘသဖွယ်ဖြစ်သည့် တိုင်းပြည် အစိုးရအနေဖြင့် သားသမီးများသဖွယ်ဖြစ်သည့် ခိုကိုးရာမဲ့ အိမ်ရာမဲ့များကို စာနာသနားသောအားဖြင့်၊ ညှာတာသောအားဖြင့် စိုသော လက်ကိုမခြောက်ပါစေဘဲ ၎င်းတို့၏ ဘဝလေးများ မပျက်စီးစေရန် ပေးသင့်ပေးထိုက်သည့် တစ်နိုင်ငံလုံးတွင်ရှိသည့် အိုးမဲ့အိမ်မဲ့များကိုယ်စား အသနားခံမေတ္တာရပ်ခံတင်ပြရင်းဖြင့် ၎င်းတို့အတွက် တစ်စုံတစ်ရာ ဆောင်ရွက်ပေးနိုင်ရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါအိုးမဲ့အိမ်မဲ့များနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက သက်ဆိုင်ရာဝန်ထမ်းအိမ်ရာများ၊ သက်ဆိုင်ရာ အငှားအိမ်ရာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုံလောက်မှု မရှိသည်မှာလည်း မှန်ကန်ပါကြောင်း၊ ထို့အပြင် ၎င်းတို့ ဆောင်ရွက်နေသည့်ကိစ္စများမှာလည်း သတင်းထောက်ကြီးပြောခဲ့သည့် အခြေခံလူတန်းစားများအတွက် လက်လှမ်းမမီနိုင်သည့် ကိစ္စများဖြစ်သည်ကိုလည်း မိမိအနေဖြင့်လည်း သိရှိပါကြောင်း၊ အဆိုပါ ကိစ္စများနှင့်ပတ်သက်ပြီး ဖြစ်ပျက်နေသည့် အခြေအနေများကို မိမိတို့အနေဖြင့် တွေ့ရှိချက်များကို တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ လုပ်နိုင်သည့်လုပ်ငန်းတစ်ခု ပေါ်ပေါက်လာစေရန်အတွက် မိမိတို့ ဆောင်ရွက်ပေးမည်ဟု ပြောလိုကြောင်း၊ အားလုံးမှာ မိမိတို့ နိုင်ငံသူ နိုင်ငံသားများသာဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများသာ ဖြစ်သည့်အတွက် မိမိတို့တွင် ၎င်းတို့ အတွက်ပြုလုပ်ပေးရမည့် တာဝန်ရှိပါကြောင်း၊ ဆောင်ရွက်ပေးနိုင်ရန် လုပ်ပေးမည်ဟု ဖြေကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

**✻ ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် အစိုးရအဆက်ဆက်ကလည်း အမြန်ဆုံးဖြစ်မြောက်စေလိုကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တုန်းကလည်း အတူတူပင်ဖြစ်ကြောင်း၊ ထို့နောက် တပ်မတော်အစိုးရလက်ထက်နှင့် သမ္မတကြီးဦးသိန်းစိန် အစိုးရလက်ထက်တို့တွင်လည်း အတူတူပင်ဖြစ်ကြောင်း၊ NLD အစိုးရလက်ထက်တွင်လည်း အတူတူပင် ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အစိုးရများအနေဖြင့် အမြန်ဆုံးဖြစ်စေချင်ကြမည်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်းခင်းစီမံချက်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၆ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့ ရောက်ရှိရာ နန်းယွန်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒပါလထံ လှူဖွယ်ပစ္စည်း၊ စားသောက်ဖွယ်ရာများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့စုပေါင်းရုံးအစည်းအဝေး ခန်းမ၌ နာဂတိုင်းရင်းသားများ၊ ဌာနဆိုင်ရာများအား တွေ့ဆုံခြင်းနှင့် ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရိုးရာဓလေ့နှင့် အထိမ်းအမှတ်ပွဲများအပေါ် အလေးအနက်ထားမှုအခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ဖွံ့ဖြိုးရေး




လုပ်ငန်းများနှင့် ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံနာဂတိုင်းရင်းသားများထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ပြီး**(အပေါ်ပုံ)** ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြသော နန်းယွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများထံ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၊ လဟယ်မြို့၊ လေရှီးမြို့နယ်များအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆန်အိတ် ၅၀၀ နှင့် ဆိုလာမီး အစုံ၂၀၀ တို့ကို နာဂဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းထံ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လုံခြုံရေးရဲတပ်ဖွဲ့များအား ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက နန်းယွန်းမြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးအပ်သည့် လဟယ်မြို့နယ်ရှိ ကျေးရွာသုံးရွာမှ အိမ်ထောင်စု ၂၀၂ စု၊ လူဦးရေ ၁၃၉၂ ဦးတို့အတွက် တစ်လစာ ဆန်ရိက္ခာဖိုး ငွေကျပ် ၁၂၅၂၈၀၀၀ ကိုလည်းကောင်း တာဝန်ရှိသူများထံ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဦးက နန်းယွန်း၊ လေရှီးနှင့် လဟယ်မြို့နယ်များအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် ဆိုလာမီး အစုံ ၁၀၀ နှင့် ငွေကျပ်သိန်း ၁၀၀ တို့ကို တာဝန်ရှိသူများ ထံ ပေးအပ်ပြီး ဒေသခံနာဂတိုင်းရင်းသူလေးများက ရိုးရာအကဖြင့် ကပြတင်ဆက်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အကအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အောက်ဆီဂျင်စက်ရုံ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နန်းယွန်းပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေကြသော ဒေသခံနာဂတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးရုံတွင်း တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်၊ သူနာပြုများနှင့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ် ချောင်းမငယ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်ရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် သဘာဝမြစ်ချောင်းအင်းအိုင် ဆည်တမံများအတွင်း ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ လယ်ဝေးမြို့နယ် ချောင်းမငယ် ရေလှောင်တမံအတွင်း ရေဆင်းငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအောက်ခံအရွယ် ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၀၀၀၀၀ မျိုးစိုက်ထည့်သည့် အခမ်းအနားကို ဇန်နဝါရီလ ဒုတိယပတ်က ကျင်းပသည်။

**ငါးမျိုးများစိုက်ထည့်**

ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံ၊ ဒက္ခိဏခရိုင်တာဝန်ခံ၊ လယ်ဝေးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံရေလုပ်သားများက စုပေါင်း၍ ငါးမျိုးများ စိုက်ထည့်ပေးသည်။

**နည်းပညာများပံ့ပိုး**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ချောင်းမငယ် ရေလှောင်တမံအတွင်း ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ချောင်းမငယ် ရေလှောင်တမံအနီး နေထိုင်သည့် ရေပေါ်လှောင်အိမ် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ရေလုပ်သားများနှင့် တွေ့ဆုံ၍ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမွေးမြူရေးနည်းပညာများ ပံ့ပိုးပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ရေလုပ်သားများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့တွင် ခရီးသွားဝန်ဆောင်မှုသင်တန်းဖွင့်လှစ်

**မိုးညှင်း ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ရှမ်းနီစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းနှင့် အင်းတော်ကြီးအခြေစိုက် FFI တို့ ပူးပေါင်းဖွင့်လှစ်သော ခရီးသွားဝန်ဆောင်မှုသင်တန်းကို ဇန်နဝါရီ ၁၆ ရက်က အင်းတော်ကြီးမြို့တောင်တန်းသာရပ်ကွက်တောင်တန်းသာသနာပြု သီလရှင်ကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အင်းတော်ကြီးဒေသ ရှမ်းနီစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစိန်လွင်ဦးက အမှာစကားပြောကြားပြီး FFI မှ ဦးဇော်မင်းဦးက အင်းတော်ကြီးဒေသတွင် မျိုးဆက်သစ်ရှမ်းနီတိုင်းရင်းသားလူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် သဘာဝအခြေခံခရီးသွားဝန်ဆောင်မှုမြှင့်တင်ရန် ရည်ရွယ်ပြီး အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဧည့်ကြိုဧည့်ဝတ်ပျူငှာမှုဘာသာရပ်နှင့် ခရီးစဉ်ရေးဆွဲရေးနှင့် ဈေးနှုန်းသတ်မှတ်မှု ဘာသာရပ်များကို Trail-GEO မှဦးဇေယျာမင်းနှင့်ဦးတိုးတိုးတို့က သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ အင်းတော်ကြီးဒေသရှမ်းနီစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းဝင် ၁၀ ဦး၊ အင်းချစ်သူအဖွဲ့မှ သုံးဦး၊ တုန့်စံခကျေးရွာမှ နှစ်ဦးတက်ရောက်ကြောင်း သိရသည်။ **လှအောင်(ကသာ)**

# စလင်းမြို့နယ်၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော်ပြီးစီး

**စလင်း ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကံပြားကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မွမ်းမံရန်ပုံငွေကျပ် ၉ ဒသမ ၆ သန်းဖြင့် လက်ရှိအသုံးပြုနေသော စက်ရေတွင်းမောင်းနှင်ရန် ၂၀ ကီလိုဝပ် ပါဝါမီတာ တစ်လုံးနှင့် ဂါလန် ၂၄၀၀ ဆံ့ ပေ ၂၀ အမြင့်ရှိ အမြင့်တင်ရေစင်တစ်ခုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကံပြားကျေးရွာသည် လူဦးရေ ၂၀၀၀ ကျော်နေထိုင်ပြီး သောက်သုံးရေအတွက် စက်ရေတွင်း နှစ်တွင်းရှိသော်လည်း ရေသိုလှောင်ရန်အတွက် ရေစင်တစ်ခုသာရှိသောကြောင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တစ်ခု ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် တညောင်(ပိတောက်မြိုင်ကွက်သစ်)ကျေးရွာနှင့် မဲဇလီကွေ့ကျေးရွာ၌ လေးလက်မ ဒိုင်ယာမီတာ ပေ ၅၀၀ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ၂၀ ကီလိုဝပ် ပါဝါမီတာ တပ်ဆင်ခြင်း၊ ကြပ္ပါယ်ကျေးရွာတွင် လေးလက်မ ဒိုင်ယာမီတာ ပေ ၆၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ၁၀ ပေx ၈ ပေ x ၈ ပေ ရေစက်ရုံတည်ဆောက်ခြင်း၊ ကံပြားကျေးရွာတွင် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ၂၀ ကီလိုဝပ်ပါဝါမီတာ တပ်ဆင်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၉၁ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများအားလုံး ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးဖြစ်သည်။

**အထွေး(ကျေးလက်)**

# ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းပေါ်တွင် တံတားတစ်စင်းဆောက်လုပ်

**ကျောက်ဆည် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ရှိ ကျေးလက်လမ်းများပေါ်၌ လိုအပ်သည့်နေရာများတွင် တံတားများ ဆောက်လုပ်ပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ငါးမြွေကုန်းကျေးရွာနှင့် ထုံးဖိုကျေးရွာဆက်လမ်းပေါ်တွင် တံတားတစ်စင်းဆောက်လုပ်ပေးသဖြင့် ဒေသထွက်ကုန်များ ရာသီမရွေး စရိတ်သက်သာစွာဖြင့် သယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားအား သတ်မှတ်အချိန်နှင့်သတ်မှတ်အရည်အသွေးပြည့်မီစေရေး မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူပြီး မန္တလေးတိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ခြောက်သန်း အကုန်အကျခံကာ အရှည် ငါးပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ငါးပေရှိ Box Culvert ဆောက်လုပ်ပေးခြင်းဖြစ်ရာ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**




## မုံရွာစီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းများ အတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မုံရွာစီးပွားရေးတက္ကသိုလ်က ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့ သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည် -
- (က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA) သင်တန်း
- (ခ) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA) သင်တန်း
- (ဂ) ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့(MMM) သင်တန်း
- (ဃ) အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) သင်တန်း

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -
- (က) အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။
- (ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။
- (ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မိစ္စာ တက်ရောက်နိုင်သူဖြစ်ပြီး Zoom Application အား ကောင်းစွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံများကို MUE Academic Affairs (မုံရွာစီးပွားရေး သင်တန်းရေးရာ) Facebook Page မှဖြစ်စေ၊ သက်ဆိုင်ရာသင်တန်းများ၏ email (သို့) viber မှဖြစ်စေ၊ ဌာနသို့ လူကိုယ်တိုင် လာရောက်၍ ဖြစ်စေ (၂၀-၁-၂၀၂၂)ရက်နေ့မှ စတင် ရယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ၏ Original scan copy (မူရင်းကို Scan ဖတ်ထားသောမိတ္တူ)ကို သက်ဆိုင်ရာသင်တန်းများ၏ email (သို့) viber မှဖြစ်စေ၊ ဌာနသို့ လူကိုယ်တိုင်လာရောက် ၍ဖြစ်စေ သက်ဆိုင်ရာဌာနများသို့ (၂၄-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည် -
- (က) ဘွဲ့လက်မှတ်(သို့)ယာယီဘွဲ့ထောက်ခံစာ
- (ခ) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်
- (ဂ)နိုင်ငံသားစိစစ်ရေးကတ်
- (ဃ)ပညာအရည်အချင်းထောက်ခံချက်နှင့်လုပ်ငန်းအတွေ့အကြုံလုပ်ဆောင်ချက်
- (င) ဓါတ်ပုံ(၃)ပုံ

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို (၂၇-၂-၂၀၂၂)ရက် တနင်္ဂနွေနေ့ တွင် အွန်လိုင်း(online)မှ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းနှင့် လူတွေ့အချိန်စာရင်းကို(၂-၃-၂၀၂၂)တွင်ထုတ်ပြန်ပါမည်။

၆။ သင်တန်းသင်ကြားမှု အချိန်စာရင်းမှာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့ (နံနက် ၉နာရီမှ ညနေ၄နာရီ) အထိ ဖြစ်ပြီး သင်တန်းကာလမှာ (၂)နှစ်ဖြစ်ပါသည်။

၇။ ဆက်သွယ်ရန်ဖုန်းနံပါတ် - နှင့် အီးမေးလ်များ
- MBA - 09755513126, mgtstudies.mue@gmail.com
- MPA - 09789951019 , mueeconomics2022@gmail.com
- MMM - 09422112470 , commerce.mue@gmail.com
- MAS - 09404035886, statistics.mue@gmail.com

၈။ အသေးစိတ်သိရှိလိုပါက - မုံရွာစီးပွားရေးတက္ကသိုလ် ၊သင်တန်းရေးရာဌာန 09977622770, academic.mue@gmail.com

၉။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ဌာနမှူး၊သင်တန်းရေးရာဌာန
မုံရွာစီးပွားရေးတက္ကသိုလ်

## မုံရွာစီးပွားရေးတက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

၁။ မုံရွာစီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့်အောက်ပါ သင်တန်းများကို အွန်လိုင်း(online)ဖြင့် ဖွင့်လှစ်မည် ဖြစ်ပါသည် -

| စဉ် | သင်တန်းအမျိုးအစား | သင်တန်းကာလ |
|---|---|---|
| (က) | Diploma in Development Studies (Dip.D.S) | (၉ လ သင်တန်း) |
| (ခ) | Diploma in Business Studies (DBS) | (၉ လ သင်တန်း) |
| (ဂ) | Diploma in Research Studies (DRS) | (၉ လ သင်တန်း) |

၂။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံများကို MUE Academic Affairs (မုံရွာစီးပွားရေး သင်တန်းရေးရာ) Facebook Page မှဖြစ်စေ၊ သက်ဆိုင်ရာသင်တန်းများ၏ email (သို့) viber မှဖြစ်စေ၊ ဌာနသို့ လူကိုယ်တိုင် လာရောက်၍ ဖြစ်စေ (၂၀-၁-၂၀၂၂)ရက်နေ့မှ စတင် ရယူနိုင်ပါသည်။

၃။ သင်တန်းအသီးသီးအတွက် လျှောက်ထားသူများသည် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများ ဖြစ်ရမည်။

၄။ လျှောက်လွှာစတင်လက်ခံမည့်နေ့ - ၂၀-၁-၂၀၂၂ (ကြာသပတေးနေ့)

၅။ လျှောက်လွှာပိတ်မည့်နေ့ - ၂၄-၂-၂၀၂၂ (ကြာသပတေးနေ့)

၆။ သင်တန်းစတင်မည့်နေ့ - သင်တန်းအားလုံးအတွက် (၃-၃-၂၀၂၂)(ကြာသပတေးနေ့)

၇။ သင်တန်းအချိန် - သင်တန်းအားလုံးကို အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့အထိ ညနေ၆:၀၀မှ၈:၀၀နာရီအထိ Zoom Application ဖြင့် သင်ကြားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ၏ Original scan copy (မူရင်းကို Scan ဖတ်ထားသောမိတ္တူ)ကို သက်ဆိုင်ရာသင်တန်းများ၏ email (သို့) viber မှဖြစ်စေ၊ ဌာနသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ သက်ဆိုင်ရာဌာနများသို့ ပေးပို့ရပါမည် -
- (က) ဘွဲ့လက်မှတ်(သို့) ယာယီဘွဲ့ထောက်ခံစာ
- (ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်
- (ဃ) ဓါတ်ပုံ(၃)ပုံ

၉။ ဆက်သွယ်ရန်ဖုံးနံပါတ် - နှင့်အီးမေးလ်လိပ်စာများ
- Dip.D.S - 09669472760, appeco22@gmail.com
- DBS - 09422112470, commerce.mue@gmail.com
- DRS - 09404035886, statistics.mue@gmail.com

၁၀။ အသေးစိတ်သိရှိလိုပါက - မုံရွာစီးပွားရေးတက္ကသိုလ် ၊သင်တန်းရေးရာဌာန 09977622770, academic.mue@gmail.com

၁၁။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ဌာနမှူး၊သင်တန်းရေးရာဌာန
မုံရွာစီးပွားရေးတက္ကသိုလ်

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/3679,Nissan Condor MK 21 A, Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းပိုင် ၇/ပခန(နိုင်)၂၂၇၈၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

### ဂရန်ပျောက်ဆုံးကြောင်း ကြော်ငြာစာ

ဝါးခယ်မမြို့၊ လေ့ကျင်းရပ်ကွက်ရှိ မြေစာရင်းအကွက် အမှတ်(၁၉)လေ့ကျင်း၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ ၀ဒသမ ၀၄၀ ဧက ရှိ မြေသည် ဒေါ်ကြည်မျိုးမြင့် အမည်ဖြင့် ၁၆-၁၀-၁၉၉၆ မှစ၍ နှစ် ၃၀ ဂရန်ရရှိထားပြီး အဆိုပါ ဂရန်စာချုပ်မူရင်းမှာ မည်သူမှ လက်ခံရရှိခဲ့ခြင်းမရှိသဖြင့် ဦးဇော်မင်းထွန်း အမည်ဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတွင် အမည်ပြောင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**(စွမ်းထက် ပ/၅၅၇၆)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/4599 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ကိုဝင်း ၈/မတန(နိုင်)၀၄၄၃၈၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၃၂၀၆၆၇**

### ဂရန်ပျောက်ဆုံးကြောင်း ကြော်ငြာစာ

ဝါးခယ်မမြို့၊ ရွာလယ်ရပ်ကွက်ရှိ မြေစာရင်းအကွက် အမှတ်(၁၇ᵃ)သဲကွင်း၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ ၀ဒသမ ၁၃၀ ဧကရှိ မြေသည် ဦးဘိုသန်း-ဒေါ်အုံးမြိုင် အမည်ဖြင့် (၁၉၃၄) မှ(၁၉၆၄) စ၍ နှစ် ၃၀ ဂရန်ရရှိထားပြီး အဆိုပါ ဂရန်စာချုပ်မူရင်းမှာ မည်သူမှ လက်ခံရရှိခဲ့ခြင်းမရှိသဖြင့် ဒေါ်ဖြိုးဖြိုးတင် အမည်ဖြင့် ဧရိယာ ၀ဒသမ ၁၃၀ ဧကအနက်မှ ဧရိယာ ၀ဒသမ ၀၆၈ ဧကအား ဦးပိုင်ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**(စွမ်းထက် ပ/၅၅၇၆)**

### အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင် မြို့နယ်၊ ပွင့်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် ရပ်(၅)မင်းတဲရပ်၊ ဦးပိုင်အမှတ် (၅၀)၊ မြေကွက်အမှတ် (၂၄၃)၊ မြေဧရိယာ(၀ဒသမ၁၅၃၇)ဧကရှိသော မြေကို ဒေါ်မာလာကြည် အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

### ဖခင် အမည်မှန်

ပေါက်တောမြို့နယ်၊ ချောင်းဝအုပ်စု၊ အထက(ခွဲ)ယာတိုက် Grade (11) တွင် ပညာသင်ကြားနေသော မောင်မိုးကျော်နိုင်၏ဖခင် ဦးမောင်အေးမြင့် ၁၁/ပတန (နိုင်)၀၄၇၉၂၄ ၏ အမည်မှန်မှာ ဦးမောင်လှဝင်းဖြစ်ပါကြောင်း။

**ဦးမောင်လှဝင်း**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ငါးရွာအုပ်စု၊ ကွင်းအမှတ်(၇၄၂က)၊မြက်ရှူကွင်း၊ ဦးပိုင်အမှတ်(၅၈/၁နှင့် ၅၉/၁)မှ မြေဧရိယာ ၀ဒသမ ၉၂ ဧက ရှိမြေသည် ဦးလှမိုး အမည်ဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လယ်ယာမြေကို စက်သုံးဆီ အရောင်းဆိုင်မြေအဖြစ် အသုံးပြုရန်ခွင့် ပြုချထားခဲ့သည့်မြေအား ဦးလှမိုးမှ ၂၈-၅-၂၀၂၀ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်ချုပ်ဆိုပြီး စာချုပ်အမှတ် (၄၈/၂၀၂၀) အရ ဦးအောင်ရွှေ၊ ဦးဇင်မင်းအောင်နှင့် ဦးမျိုးသက်ကိုတို့(၃)ဦးအား လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူတို့မှ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေပုန်းညက်ရိပ်မွန်၊ (၂)ခန်းတွဲ၊ (၄) ထပ်တိုက်၊ အမှတ်(၇၅)၊ အခန်း (၅)၊ ဒုတိယထပ် အကျယ်အဝန်း (၂၇ x ၄၇)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုလာသူ ဦးအောင်ခိုင် ၇/ပမန(နိုင်)၀၀၀၅၃၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန္ဒာမြတ်ဦး ၁၂/အစန(နိုင်)၁၇၁၉၈၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲဝင့်နောင်(LL.B)
(အထက်တန်းရှေ့နေ၊ စဉ်-၄၁၀၂၇)
ဖုန်း-၀၉-၅၀၇၁၄၃၁

ဒေါ်ဇာခြည်လှိုင်(LL.B, D.I.L)
အထက်တန်းရှေ့နေ(စဉ်-၅၃၉၃၅)
ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်

### သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်)နှင့် အောက်ဖော်ပြပါ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် ရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်း စာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၂၀၀)နေရာနှင့် ပစ္စည်းထိန်း-၅ (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) ရာထူး (၆၀) နေရာများအတွက် ခန့်ထားလိုပါသည်-
- (က) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
- (ခ) ကချင်ပြည်နယ်(မြစ်ကြီးနား/မိုးညှင်း/ဗန်းမော်/ပူတာအို/ဖားကန့်ဦးစီးမှူးရုံးများ)
- (ဂ) ကယားပြည်နယ်(လွိုင်ကော်/ဘောလခဲ/မယ်စဲ့ဦးစီးမှူးရုံးများ)
- (ဃ) ကရင်ပြည်နယ်(ဘားအံ/မြဝတီ/ကော့ကရိတ်/ဖာပွန်/ကြာအင်းဆိပ်ကြီး/ သံတောင်ကြီး/ လှိုင်းဘွဲ့ဦးစီးမှူးရုံးများ)
- (င) ချင်းပြည်နယ်(ဟားခါး/မင်းတပ်/ဖလမ်း/တီးတိန်/ကန်ပက်လက်/တွန်းဇံ/ ပလက်ဝ/ မတူပီဦးစီးမှူးရုံးများ)
- (စ) စစ်ကိုင်းတိုင်းဒေသကြီး(မုံရွာ/ကသာ/ခန္တီး/ကလေး/ရွှေဘို/ကန့်ဘလူ/တမူး/ ယင်းမာပင်/ ရေဦး/မင်းကင်း/ကောလင်း/ဖောင်းပြင်/ကနီဦးစီးမှူးရုံးများ)
- (ဆ) တနင်္သာရီတိုင်းဒေသကြီး(ထားဝယ်/မြိတ်/ကော့သောင်း/လောင်းလုံ/ သရက်ချောင်း/ ပုလော/တနင်္သာရီဦးစီးမှူးရုံးများ)
- (ဇ) ပဲခူးတိုင်းဒေသကြီး(ပဲခူး/ပြည်/ပန်းတောင်း/မိုးညို/တောင်ငူ/ကဝ/မင်းလှ/ ဇီးကုန်း/ သနပ်ပင်/ညောင်လေးပင်ဦးစီးမှူးရုံးများ)
- (ဈ) မကွေးတိုင်းဒေသကြီး(မကွေး/ပခုက္ကူ/ဂန့်ဂေါ/မင်းဘူး/ဆိပ်ဖြူ/ချောက်/ ရေစကြို/ ဆော/တောင်တွင်းကြီး/ဆင်ပေါင်ဝဲ/စလင်း/ပေါက်/မင်းလှ/မြို့သစ် ဦးစီးမှူးရုံးများ)
- (ည) မန္တလေးတိုင်းဒေသကြီး(မန္တလေး/ဗဟိုသိုလှောင်ရုံ(မန္တလေး)/ညောင်ဦး/ ပြင်ဦးလွင်/ မိတ္ထီလာ/မြင်းခြံ/ကျောက်ဆည်/သပိတ်ကျင်း/ပျော်ဘွယ်/ တံတားဦး/မလှိုင်ဦးစီးမှူးရုံးများ)
- (ဋ) မွန်ပြည်နယ်(မော်လမြိုင်/သထုံ/ကျိုက်ထို/မုဒုံ/ကျိုက်မရော/ချောင်းဆုံ/ သံဖြူဇရပ် ဦးစီးမှူးရုံးများ)
- (ဌ) ရန်ကုန်တိုင်းဒေသကြီး(ရန်ကုန်/ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)/ရန်ကုန် တောင်ပိုင်း/ ရန်ကုန်အရှေ့ပိုင်းဦးစီးမှူးရုံးများ)
- (ဍ) ရှမ်းပြည်နယ်(တောင်ကြီး/လားရှိုး/ကျိုင်းတုံ/မိုင်းဆတ်/ဟိုပန်/ကျောက်မဲ/ လွိုင်လင်/ လင်းခေး/မူဆယ်/မိုင်းဖြတ်/မိုင်းပျဉ်း/နမ္မတူ/လောက်ကိုင်/ နမ့်ဆန်/မိုးမိတ်/ဆီဆိုင်/ ကွတ်ခိုင်ဦးစီးမှူးရုံးများ)
- (ဎ) ဧရာဝတီတိုင်းဒေသကြီး(ပုသိမ်/ဟင်္သာတ/မော်လမြိုင်ကျွန်း/အင်္ဂပူ/ညောင်တုန်း/ ဓနုဖြူဦးစီးမှူးရုံးများ)
- (ဏ) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် (နေပြည်တော်တိုင်း/ဒက္ခိဏ/ ဥတ္တရဦးစီးမှူးရုံးများ)
- (တ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း(ဟင်္သာတမြို့)

၂။ လျှောက်ထားသူများသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အငယ်တန်းစာရေးရာထူးနေရာများအတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ (၃၁-၁၂-၂၀၂၁)ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး (၂၇) နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) ပစ္စည်းထိန်း-၅ ရာထူးနေရာများအတွက် အခြေခံပညာအထက်တန်းအောင် မြင်ရမည်။ (၃၁-၁၂-၂၀၂၁) ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး (၂၅) နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော် လွန်သူ ဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင် နိုင်ရမည်။
- (င) ခန့်ထားမည့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အလိုက် ဒေသခံများကို ဦးစားပေး ခေါ်ယူသွားမည်ဖြစ်ပြီး မိမိအစီအစဉ်ဖြင့် နေထိုင်တာဝန်ထမ်း ဆောင်နိုင်ရမည်။
- (စ) လုပ်ငန်းလိုအပ်ချက်အရ ကျား/မအချိုးညီစွာ ရွေးချယ်ခန့်ထားသွားမည်ဖြစ်ပြီး ဦးစီးဌာန တွင်အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း အခွန်တံဆိပ်ခေါင်းပါဝင်သည့် စာချုပ် ချုပ်ဆိုနိုင်ရမည်။
- (ဆ) လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများလျှောက်ထားလိုပါက ဌာနဆိုင်ရာ အကြီးအကဲ၏ ထောက်ခံချက်ဖြင့် မူရင်းလျှောက်လွှာကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့်ပေးပို့ရမည်။ မိတ္တူ(၁)စုံကို မိမိတို့လျှောက်လွှာထုတ်ယူခဲ့သော နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်ရုံး များသို့ ပေးပို့ရမည်။

၃။ လျှောက်လွှာပုံစံများကို ပြည်ထောင်စုနယ်မြေ/နေပြည်တော်တိုင်းဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများတွင် (အခမဲ့)ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများပူးတွဲတင်ပြရမည်။ ပြည့်စုံစွာ တင်ပြထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ -
- (က) ပြည့်စုံစွာဖြည့်စွက်ထားပြီး တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့စ်အရွယ် ဓာတ်ပုံ ကပ်ထားသည့် သတ်မှတ်လျှောက်လွှာ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မူရင်းပြသရမည်)
- (ဂ) သက်တမ်းမကုန်သေးသော အလုပ်သမားမှတ်ပုံတင်မိတ္တူ (မူရင်းပြသရမည်)
- (ဃ) အငယ်တန်းစာရေးရာထူးနေရာများအတွက် ဘွဲ့လက်မှတ်(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံ စာမိတ္တူ(မူရင်းပြသရမည်)
- (င) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းပြသရမည်)
- (စ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)မိတ္တူ
- (ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် တစ်လအတွင်းရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း
- (ဇ) အခြားတက်ရောက်ထားသည့်သင်တန်းများရှိပါက သင်တန်းဆင်း အောင်လက်မှတ်မိတ္တူ (မူရင်းပြသရမည်)

၄။ လျှောက်လွှာများကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင် (၂၀-၁-၂၀၂၂) ရက်နေ့မှ (၈-၂-၂၀၂၂) ရက်နေ့အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး (၁၀-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ချက်များပြည့်စုံစွာ ပူးတွဲထားသည့် လျှောက်လွှာများကို မိမိတို့ထုတ်ယူခဲ့သော သက်ဆိုင်ရာရုံးများသို့ ပေးပို့ရမည်။

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်၊ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် အစီအစဉ်များ၊ ရေးဖြေစာမေးပွဲအောင်မြင်၍ လူတွေ့ဖြေဆိုရမည့် အမည်စာရင်းများကို လျှောက်လွှာ ရယူခဲ့သည့်ရုံးများတွင် အသိပေးကြေညာထားမည်ဖြစ်ပါသည်။ (၁၄-၂-၂၀၂၂) ရက်နေ့တွင် ဖြေဆိုခွင့် ကတ်ပြားကို နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)ပြသ၍ လျှောက်လွှာတင်ခဲ့သည့်ရုံးများတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ် များကို COVID -19 ညွှန်ကြားချက်နှင့်အညီ လျှောက်လွှာတင်သွင်းသည့်ရုံးများတွင် (၂၀-၂-၂၀၂၂) ရက်နေ့၌ ရေးဖြေစာမေးပွဲကိုလည်းကောင်း၊ (၂၆-၂-၂၀၂၂)ရက်နေ့နှင့် (၂၇-၂-၂၀၂၂) ရက်နေ့တို့တွင် လူတွေ့စာမေးပွဲကိုလည်းကောင်း ဖြေဆိုရမည်။

၆။ သိရှိလိုသည်များရှိပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်) ဖုန်း ၀၆၇-၃၄၀၄၁၁၃နှင့် ဦးစီးဌာန Website(www.ddm.gov.mm)တွင် ဖော်ပြထားသည့် နေပြည်တော်တိုင်း ဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး ဖုန်းအမှတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၈၂၅၂၁၆**

## မတည်ငွေရင်းလျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

Chin Corp Capital Co.,Ltd ဒါရိုက်တာအဖွဲ့၏ (၁၈-၁-၂၀၂၂)ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ၏ အစည်း အဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေအား ငွေကျပ် ၁၀၀၀၀၀၀၀၀၀(ကျပ်သိန်းတစ်သောင်းတိတိ)မှ ငွေကျပ် ၂၀၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာတိတိ)သို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူ ဆုံးဖြတ်ခဲ့ကြောင်း အသိပေးအကြောင်းကြားပါသည်။

**Chin Corp Capital Co.,Ltd**

## ကုမ္ပဏီ ဖျက်သိမ်းကြောင်းကြော်ငြာ အစုရှယ်ယာရှင်၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း Gertai Company Limited

၂၀၂၀ ပြည့်နှစ် ဇွန်လ ၉ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ Gertai Company Limited အား ၂၀၂၀ ပြည့်နှစ် ဇွန်လ ၉ ရက်နေ့မှစ၍ တစ်ဦးတည်းပိုင် အစုရှယ်ယာရှင်၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စိုးစိုးထွန်း(B.COM,CP.A, Auditor & Financial Consultant Certified Public Accountant)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **Daw Pel Yinn Kaing @ Sandar Win** | **Daw Soe Soe Htun (B.Com,CP.A)** |
| **Director** | **Auditor & Financial Consultant** |
| **Gertai Co.,Ltd** | **Certified Public Accountant** |
| | **Gertai Co.,Ltd** |

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဈေးနှုန်း အဆိုပြုလွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၏ COVID-19 ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်(Vaccination Management Information System- VMIS)Server တွင် ထည့်သွင်း အသုံးပြုရန် လိုအပ်သည့် Memory RAM 64 GB အား (၂၀၂၁) ခုနှစ် အောက်တိုဘာလ မှ (၂၀၂၂)ခုနှစ် မတ်လ (၆)လကာလ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းအဆိုပြုလွှာ စတင်လက်ခံမည့်ရက် - ၁၉-၁-၂၀၂၂ရက်
ဈေးနှုန်းအဆိုပြုလွှာ ပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၂၅-၁-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၉-၈၈၃၈၆၂၈၂၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ အစုရှယ်ယာရှင်၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း Hongbo Telecommunication (Myanmar) CO.,LTD

၂၀၂၁ ခုနှစ်၊ မေလ ၁၅ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ Hongbo Telecommunication (Myanmar) CO.,LTD. အား ၂၀၂၁ ခုနှစ် ဇူလိုင် ၁၈ ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စိုးစိုးထွန်း (B.COM, CP. A, Auditor & Financial Consultant Certified Public Accountant) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါတရား ဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့်ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **Mr. Jiao Yangguo** | **Daw Soe Soe Htun (B, Com, CP. A)** |
| **Director** | **Auditor & Financial Consultant** |
| **Hongbo Telecommunication** | **Certified Public Accountant** |
| **(Myanmar) CO.,LTD** | **Hongbo Telecommunication (Myanmar) CO.,LTD.** |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/9423, Mitsubishi Canter FB 83DG Z Truck(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းပိုင် ၇/ပခန (နိုင်) ၂၂၇၈၄၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/5743 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မာဝေ ၇/တငန(နိုင်) ၁၂၂၈၉၁က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၃)လမ်း၊ အမှတ်(၁၂၁/A) ဟုခေါ်တွင်သည့် (၆)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ်(၄-လွှာ)၊ (၁၈x၅၄) ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဦးကိုကိုမောင် ၁၂/လမန(နိုင်)၀၉၂၅၅၀ထံမှ (၁၄-၁-၂၀၁၉) ရက်စွဲပါ အရစ်ကျစနစ်ဖြင့် တိုက်ခန်းကြိုပွိုင့် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးခင်စိုး ၉/နထက(နိုင်)၀၀၀၃၇၈နှင့် ဒေါ်အေးအေးမင်း ၁၂/လမန(နိုင်) ၁၃၇၈၂၀တို့က ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။ ထို့ကြောင့် အထက်ပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးခင်စိုးနှင့် ဒေါ်အေးအေးမင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မိုင်လဲင်နိုင်ကျဲရ် ၄/ဖလန(နိုင်)၀၀၁၀၀၂ က ဝယ်ယူရန်ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေပေးချေခဲ့ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုင်လဲင်နိုင်ကျဲရ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာနီဦး (စဉ်-၁၄၃၄၀) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆၄)၊ တပင်ရွှေထီးလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၀၂၇၃၄၀၅၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၇/၃)၊ ဦးပိုင်အမှတ် (၇၂က/၁၈)၊ မြေရေိယာ ၀ဒသမ၀၉၂ ဧကရှိ မြေကွက်အား မူလကဒေါ်ဆိုင်စိန် အမည်ဖြင့် ၁-၄-၂၀၁၀ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ၁၈-၇-၂၀၀၃ရက်တွင် ဒေါ်ဆိုင်စိန်နှင့် ဒေါ်စန္ဒာမင်းတို့ (၂)ဦးထံမှ ဒေါ်ထွေးထွေးကလည်းကောင်း၊ ၁၇-၁၀-၂၀၀၃ရက်တွင် ဒေါ်ထွေးထွေးထံမှ ဦးကစ္စနားကလည်းကောင်း၊ ၂၀-၉-၂၀၁၃ရက်တွင် ဦးကစ္စနားထံမှ ဒေါ်မီနားကူမာရီကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဒေါ်မီနားကူမာရီ ၁/မကန(နိုင်)၀၁၂၂၄၉ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၂-၁၀-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၂၉၅/၂၀၂၁)ကို ၁၄-၁၀-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၂၁/၂၀၂၁) အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည် ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါ သည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းအုပ်စု၊ ပိတ်စွယ်နယ်မြေ(၂) ရပ်ကွက်တွင် တည်ရှိသော ကွင်းအမှတ်နှင့် အမည်(၉)၊ ရှောလီဝိုင်းအရှေ့၊ ဦးပိုင်အမှတ်(၂၂၉)၊ ဧရိယာ ၀ဒသမ ၀၆၅ ဧက ဟုခေါ်တွင်သည့် အရှေ့-ကားလမ်း၊ အနောက်- နှစ်ခြင်းဘုရားကျောင်း၊ တောင်-ခရစ်တော်ဘုရားကျောင်း၊ မြောက်-ဦးညွှန့်နေအိမ်) နယ်(၄)ရပ်အတွင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၂/က-၉၁၊ အခန်း(၄x၃)ခန်း၊RC (၁)ထပ် အဆောက်အအုံကို ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးရှန်စုံနှင့် ဒေါ်အလေးမီးတို့အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်ဖြင့် ဖခင်ဖြစ်သူမှ လက်ရောက်လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်သဖြင့် အထက်ပါ မြေနေအိမ်အဆောက်အအုံကို ကျွန်ုပ်မိတ်ဆွေဖြစ်သူများမှလွဲ၍ မည်သူ တစ်ဦးတစ်ယောက်မျှ ပိုင်ရေးဆိုင်ခွင့်၊ စီမံကြီးကြပ်ပိုင်ဆိုင်ခွင့်မရှိဘဲ ၎င်းတို့နှစ်ဦးမှသာ လက်ဝယ်ထားရယူနေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း၊ ယင်းမြေနေအိမ် အဆောက်အအုံ ပိုင်ဆိုင်မှုကိစ္စနှင့် ပတ်သက်၍ မဟုတ်မမှန် သတင်းလွှင့်ပြောကြားဆောင်ရွက်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထက်ပါ မြေနေအိမ် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ချောစုဌေး (LL.B)** | **ဦးလပြည့်နိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၁၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၁)** |
| **ဖုန်း-၀၉-၄၀၂၅၃၁၆၈၃** | **ဖုန်း-၀၉-၄၄၄၀၀၂၆၅၆** |
| **ဈ/၃၆၊ မြို့လယ်ရပ်၊ မိုးကုတ်မြို့** | |

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ ကြေညာချက်

(ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ လ ၁၉ ရက်)

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေ ထီစာအုပ်များကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန်ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ ( ရန်ကုန် )သို့လည်းကောင်း ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)သို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ်လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန်လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ ထီစာအုပ်ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမည်ဖြစ်ကြောင်း ကတိခံဝန်ချက်စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လစဉ် ကျပ် ၁၀၀၀ တန်ထီ (၅၀၀)အုပ်နှင့်အထက် ရရှိသူများဖြစ်ပါက မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စဆောင်ရွက်ပြီးကြောင်း ထောက်ခံစာ မူရင်း/ မိတ္တူ (သို့မဟုတ်)ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စလုံလောက်သော အစီအစဉ်များ ပြုလုပ်ပြီးကြောင်း ထောက်ခံစာ မူရင်း/ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၂၀-၁-၂၀၂၂) ရက်နေ့မှ (၃၁ -၁-၂၀၂၂) ရက်နေ့အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ်အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိ စာချုပ်ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီး စာချုပ်ပါ သဘောတူညီချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့် ရပ်စဲခြင်း၊ အာမခံငွေ(Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ(Deposit) ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ဆိုခြင်းများကို (၂၈-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ထီစာအုပ်ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားခြင်း ကြော်ငြာစာ

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၇.H၊ အကွက်အမည် (ဆံတော်တွင်းရပ်)၊ ဦးပိုင်အမှတ် -၂၆(ည)၃၊ ဧရိယာ ၀ဒသမ၁၄၅ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ၁၇G-ကျောက်ဖူးလီးကုံးရပ်
(ခ) အနောက်လားသော် - စိတ္တသုခလမ်း
(ဂ) တောင်လားသော် - ၂၆(ဃ)
(ဃ) မြောက်လားသော် - ၂၆(ည)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးလွင်နောင်လေး၊ ဒေါ်သန္တာရှိန်တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပဲခူးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် (၁၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ၃-လွှာ(တိုက်ရှေ့မျက်နှာမူလျှင် ဝဲ-ဘက် အကျယ်အဝန်း (၁၄ပေxပေ၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူယခုလက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးသန်းထွန်း ၁၂/တမန(နိုင်)၀၀၇၇၂၈ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)** | **ဒေါ်ရွှေစင်ဝင်း (LL.B) (စဉ်-၁၆၇၀၅)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၁၄-ခ/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၂၄)၊ မြေရေိယာ(၀ဒသမ၁၇) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးလွင်နိုင်ကျော် ၁၂/တမန(နိုင်) ၀၈၄၇၆၈ မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၁၄-ခ/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၂၂)၊ မြေရေိယာ ၀ဒသမ၁၈ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်မမစိုး ၁၂/မရက(နိုင်)၁၂၁၁၈၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာနမှူး၊**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၀

**ကွယ်လွန်သူ ဦးညိုမောင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမွေထိန်း လက်မှတ်လျှောက်ထားမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေးကြီးကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညိုမောင်၏ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ကြည့်မြင်တိုင်ကျေးရွာအုပ်စု၊ ကြည့်မြင်တိုင်ကွင်း၊ ကွင်းအမှတ်(၆၃၁)၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ ၀ ဒသမ ၉၃ကေရှိ ယာမြေပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြလေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်၊ (၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညိုမောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၈ရက်၊ (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၈ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြလေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကိုကို)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ ဒီဇယ်ရပ်၊ သုမာလာ လမ်းတွင် နေထိုင်သူ ကျွန်တော် ဦးဝင်းတင် ၁၀/မလမ(နိုင်)၁၆၄၆၅၆နှင့် ဒေါ်ခိုင်ဖြူဖွေးတို့သည် တရားဝင်အကြင်လင်မယားဖြစ်ပြီး ဒေါ်ခိုင်ဖြူဖွေးသည် ကျွန်တော်မှခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်ပြီးနောက် လွန်ခဲ့သော (၅)လကျော်ခန့်က ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ အဆက်အသွယ်ပြုလုပ်၍လည်း မရတော့သဖြင့် ကျွန်တော် ဦးဝင်းတင်မှ ယနေ့မှစ၍ ဇနီးမယားအဖြစ်မှ တရားဝင် စွန့်လွှတ်ပြီးဖြစ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို ကျွန်တော်ဦးဝင်းတင်နှင့် ပတ်သက် သက်ဆိုင်မှု မရှိကြောင်းနှင့် ဒေါ်ခိုင်ဖြူဖွေးနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းတင်**
**၁၀/မဒန(နိုင်)၁၆၄၆၅၆**
**သုမာလာလမ်း၊ ဒီဇယ်ရပ်၊ မြို့မ**
**(၁)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၈)၊ ဦးပိုင်အမှတ်(၁-ဃ)၊ ဧရိယာ ၀ ဒသမ ၁၄၁၄ ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးအောင်သန်း၊ ဒေါ်သန်းမြင့် အမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဘိုးဘပိုင်မြေကွက်ကို ၁၀-၉-၂၀၁၄ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၁၃၅/ ၂၀၁၄)အရ ကျွန်တော် ဦးအောင်သန်းမှ ဒေါ်ဝါဝါခိုင်မင်း (ဘ)ဦးကျန်တင်ထန်း ၉/ခမစ(နိုင်)၀၁၆၄၀၈ သို့ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပါသည်။

အထက်ပါအထူးကိုယ်စားလှယ်လွှဲစာအား လုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးဖြစ်သောကြောင့် ဆက်လက်ထားရှိရန် မလိုအပ်တော့ပါသဖြင့် တစ်ဖက်သတ်ပြန်လည်ပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် အဆိုပါဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်သန်း** | **ဒေါ်ဝင်းလဲ့လဲ့မျိုး(LL.B)** |
| **၉/မရတ(နိုင်)၀၈၃၆၄၇** | **အထက်တန်းရှေ့နေ(စဉ်-၂၄၅၃၀)** |
| | **ဖုန်း-၀၉-၄၃၀၉၉၂၉၆** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၁ရပ်ကွက်၊ ၁၂လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ အမှတ်၄၉နေ ဒေါ်ကြူကြူမာ ၁၂/မရက(နိုင်)၀၁၁၅၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊( ၁)ရပ်ကွက်၊ ၁၂လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ အမှတ်(၄၉)ဟုခေါ်တွင်သော RC(၂)ခန်းတွဲ (၄)ထပ်တိုက်၏ ခေါင်းရင်းတိုက်ခန်း(၄)ခန်းမှာ ဒေါ်ကြူကြူမာနှင့်ခင်ပွန်းဖြစ်သူ ဦးတင်ဝင်းတို့မှ ၁၃-၁၀-၂၀၁၈ ရက်စွဲပါ သဘောတူကတိစာချုပ်အရ ပိုင်ဆိုင်ခဲ့ပြီး ယင်းပိုင်ဆိုင်မှုအရ မြေညီထပ်အား ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ဒေါ်ကြူကြူမာ၏ခင်ပွန်းဖြစ်သူ ဦးတင်ဝင်းမှာ ၅-၁၀-၂၀၁၀ ရက်က ကွယ်လွန်ခဲ့ပြီး လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် အထက်ဖော်ပြပါ တိုက်ခန်း၏ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်တို့ ကျန်ရှိပြီး ယင်းတိုက်ခန်း(၃)ခန်း၏ စီမံခွင့်ကို ဒေါ်ကြူကြူမာတစ်ဦးတည်းမှာသာ တည်ရှိပါကြောင်းနှင့်အခြားမည်သူတစ်ဦးတစ်ယောက်ကမှ စီမံခန့်ခွဲ၊ရောင်းချ၊ ပေါင်နှံခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစုလတ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၀)**
**အမှတ်(၇)၊ အောင်ဆန်းလမ်း၊ ကြံခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် နေထိုင်သူ ဦးတင်မောင်ဝင်း ၈/မသန(နိုင်)၀၈၀၁၁၉၃ ၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ရန်-မန်းလမ်း၊ မြေကွက်အမှတ် (၃၀၄-အီး)၊ ဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိမြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အုန်းစိန် (ဘ)ဦးမြဟန် အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ မြေကွက်အမှတ် (၃၀၄-အီး)၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသူရိန်စိုး ၉/ပမန(နိုင်)၂၅၄၄၃၄ (ဇနီး) ဒေါ်သန်းသန်းဌေး ၉/လဝန (နိုင်)၂၂၉၉၅၇ တို့က ဦးတင်မောင်ဝင်းထံ ၉-၁-၂၀၂၂ရက်တွင် တန်ဖိုးငွေကျပ်သိန်း(၃၀၀)တိတိဖြင့် အပြီးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချခဲ့ပြီး မြေနေရာပိုင်ဆိုင်မှုနှင့်တကွ ပါမစ်မြေပေးမိန့်မူရင်း၊ အရပ်ကတိအရောင်းအဝယ်စာချုပ်မူရင်း၊ရောင်းချကြောင်းကျမ်းကျိန်လွှာမူရင်း၊ ဒေါ်အုန်းစိန်၏ သားသမီးများက ဦးသူရိန်စိုးထံ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းနှင့် သီးခြားလိုအပ်သည့် စာရွက်စာတမ်းမူရင်း/မိတ္တူတို့အား ဦးသူရိန်စိုး(ဇနီး) ဒေါ်သန်းသန်းဌေးတို့က ကျွန်ုပ်မိတ်ဆွေထံ လက်ရောက်လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါသည်။

မြေကွက်အမှတ်(၃၀၄-အီး)၏ လက်ရှိပိုင်ရှင်ဖြစ်သူ ဦးတင်မောင်ဝင်းသည် ယင်းမြေကွက်အား ပါမစ်မြေအမျိုးအစားမှ ဦးတင်မောင်ဝင်း အမည်ဖြင့် နေပြည်တော်စည်ပင်မြေယာဌာနတွင် မြေငှားဂရန် လျှောက်ထားထုတ်ယူတော့မည်ဖြစ်ကြောင်း၊ ထိုသို့ မြေငှားဂရန်လျှောက်ထား ထုတ်ယူမှုအပေါ် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းကန့်ကွက်မှုမရှိပါက မြေငှားဂရန်လျှောက်ထားမှုကိုဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဝင်း၏လွှဲအပ်ချက်အရ-**
**ဒေါ်မေသူမြင့်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၆၉/၂၀၁၆)**
**၁၄/၆၂၈၊ (၄)လမ်း၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၃၁၀၉၀၆၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ ဦးပိုင်မြေကွက်အမှတ်(ဒ-၃၂၀၇၉)၊ အလျား ၈၃ပေxအနံ ၇၇ပေ ကျယ်ဝန်းသော မြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူထားသူ ဦးဇော်လင်းမောင် ၉/လဝန(နိုင်)၁၃၄၁၀၆ မှ ၎င်းသာလျှင် လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေတစ်ချို့အား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်နှင့် ဝိုင်းခြံမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များ၊ တရားရုံးအမိန့်ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း(LL.B, W.I.P.O(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄)**
**အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊**
**ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၀၉-၇၉၇၇၀၄၄၅၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၂)ရပ်ကွက်ရှိ မြေကွက်အမှတ်(ဒ-၅၀၁၈)နှင့် (ဒ-၅၀၂၀)၊ အလျားပေ၆၀xအနံပေ၆၀စီ ကျယ်ဝန်းသော မြေကွက်(၂)ကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူများထံမှ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူထားသူ ဒေါ်မေဇင်ထွေး ၈/ဂဂန(နိုင်)၀၆၀၄၈၇မှ ၎င်းသာလျှင် လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေတချို့အား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါနေအိမ်နှင့် ဝိုင်းခြံမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များ၊ တရားရုံးအမိန့်ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄)**
**အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊**
**ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၀၉-၇၉၇၇၀၄၄၅၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်သာယာမြို့နယ်၊ ၁၆ရပ်ကွက်၊ ရမည်းသင်းလမ်း၊ အမှတ် ၁၂၈၉/ခ နေ ဦးမြင့်သန်းဌေး- ဒေါ်သန္တာချော တို့၏သမီးဖြစ်သူ မထက်ထက်ဝေ ၉/တသန(နိုင်)၂၃၄၅၁၉ သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘတို့အား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုလုပ်ပြီးမိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/ ၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁၃)၊ သဇင်လမ်း၊ အိမ်အမှတ်-၆၇၊ အလျား ၃၀ပေxအနံ ၈၀ပေရှိမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဘိုးဘွားပိုင်မြေဖြစ်ပြီး ဒေါ်အိအိခိုင် ၁၂/မဂဒ(နိုင်) ၁၂၀၃၇၀ ရွှေပြည်သာမြို့နယ်နေထိုင်သူမှ ပိုင်ဆိုင်၍ ၎င်းတစ်ဦးတည်းတရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဆွေမာသင်း ၈/ပခက(နိုင်)၂၂၂၇၀၆ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ်-၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## အများပြည်သူသိရှိစေရန်ကြေညာချက်

RB Myanmar Microfinance Co., Ltd တွင် ဂျပန်နိုင်ငံ RB Trust Co., Ltd မှ အစုရှယ်ယာရှင်အသစ်ဝင်ရောက်ခြင်းနှင့် အစုရှယ်ယာပြောင်းလဲခြင်းတို့အား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၈ ရက်စွဲပါ စာအမှတ် ငကစ/ကက-၆(၇၄/၂၀၁၅)အရ ငွေကြေးဝန်ဆောင်မှုရယူနေသည့် အသင်းသားများနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါ သည်။

| အစုရှယ်ယာဝင် | | ယခင်အစုရှယ်ယာ ရာခိုင်နှုန်း | ယခုအစုရှယ်ယာ ရာခိုင်နှုန်း |
|---|---|---|---|
| Retail Branding Co.,Ltd | | ၄၈% | ၃၄% |
| Mr.Yukihiro Akimoto | TT1626843 | ၃၂% | ၂၃% |
| ဦးရဲမြင့်မောင် | ၁၄/မမန(နိုင်)၁၅၀၁၈၆ | ၂၀% | ၂၀% |
| RB Trust Co.,Ltd | | - | ၂၃% |

**RB Myanmar Microfinance Co., Ltd**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လှူနေရပ်ကွက်အမှတ် - ဒဂုံသီရိ ( စိမ်းလဲ့ကန်သာအိမ်ယာစီမံကိန်း )၊ အမှတ်(၂)လမ်းမကြီး၊ မြေတိုင်းရပ်ကွက် အမှတ် - ၁၄၂၊ တစ်ကွက်လျှင် (၀.၂၃)ဧကရှိ မြေကွက်အမှတ် (၆)(၇)(၈)(၉) ဟုခေါ်တွင်သောမြေကွက်များနှင့် အမှတ်(၂)လမ်းမကြီးနဘေးရှိ အလျား(၁၆၀၀)ပေ၊ အနံ(၁၂)ပေအကျယ်ရှိချဉ်းကပ်လမ်းနှင့် တံတားဆောက်လုပ်ခွင့်၊ ဝင်ထွက်ပေါက်(၂)ခုတို့အတွက် ပိုင်ရေးဆိုင်ခွင့်စာရွက်စာတမ်းမူရင်းများနှင့်တကွ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း။**

အထက်ဖော်ပြပါမြေကွက်(၄)ကွက်နှင့်ကိုယ်ပိုင်လမ်းကို ဒေါ်စပါယ်(၁၂/ဗဟန (နိုင်) ၀၈၂၉၄၄)မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ယင်းကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)**
**အမှတ်-၅၀၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသကြီန်(၁)လမ်း၊ တိုက်အမှတ်(၃၁/ခ)၊ အခန်း(ဒုတိယထပ်)(၃)လွှာ၊အကျယ်အဝန်း(၁၈ပေ× ၅၄ပေ)ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးနွယ်(ခ) ဒေါ်နွေဝင့်ဝါ(၇/ ဖမန (နိုင်) ၀၈၇၆၉၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B.** |

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)**
**Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၉)၊ မြေကွက်အမှတ်(၉၇၇)၊ အကျယ်အဝန်း(၄၆ပေxပေ၆၀)ရှိ မြို့မြေစာရင်းတွင် ဦးစိန်မြင့်(CK-020039)အမည်ပေါက်ဖြင့် နှစ်(၆၀)ဂရန်မြေအား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပြုံးပြုံးရီ ၁၂/ဥကမ(နိုင်) ၁၁၁၆၈၇ ထံမှ မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(ပေ၂၀xပေ၆၀)အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇာဖြူ ၅/စကန(နိုင်)၁၅၄၆၀၆မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းရွှေ** | **ဦးသိန်းလင်းထွန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၄၉၂၀** | **စဉ်-၄၈၇၄၃** |
| | **၄၉/၁၀၄၈၊ ဒူးယား(၈)လမ်း၊** |
| | **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၄၃၁၆၈၅၄၉** |

## အများသိစေရန်ကြေညာချက်

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ ဦးညဏ်ဝင်း (ဘ)ဦးစိန်မောင် ၅/မရန(နိုင်)၀၆၄၃၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ပြည်ထောင်စု(၂)လမ်းနှင့်ရွှေနန်းတော်လမ်းရှိကွင်း/အကွက် အမှတ်-၃၃၄-ခ၊ကွင်းအမည်(ကွေ့ကြီးအရှေ့တောင်)၊ ဦးပိုင်အမှတ်(၇၂/၃)၊ ဧရိယာ ၂ ဒသမ ၇၆ဧကနှင့် ဦးပိုင်အမှတ် (၇၃/၄)၊ ဧရိယာ ၀ ဒသမ ၁၈ဧက၊ စုစုပေါင်းဧရိယာ ၂ ဒသမ ၉၄ ဧကအကျယ်အဝန်းရှိ အရှေ့လားသော်-ဦးဌေး၊ အနောက်လားသော်-ပြည်ထောင်စု(၂)လမ်း၊ တောင်လားသော်-ရွှေနန်းတော်လမ်း၊ မြောက်လားသော်-ဒေါ်အေးအေးခိုင်၊ ၎င်းနယ်လေးရပ်အတွင်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ယနေ့အချိန်ထိ ဦးညဏ်ဝင်းလက်ရှိထား စီမံခန့်ခွဲအသုံးပြုလျက်ရှိပါသည်။ ဖော်ပြပါမြေကွက်တွင် ဦးညဏ်ဝင်းနှင့်၎င်း၏ဇနီးဒေါ်ငွေရီတို့မှ အိမ်ထောင်ကျစဉ် အချိန်ကတည်းက လုပ်ကိုင်စားသောက် နေထိုင်လာခဲ့ကြပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညဏ်ဝင်းသည် အဆိုပါမြေကွက်အား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းလှူဒါန်း၊ စွန့်လွှတ်ထားခြင်းများလုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးညဏ်ဝင်း** | **ဦးထွန်းမင်းအောင်** | **ဒေါ်ခင်မာလွင်** |
| **၅/မရန(နိုင်)၀၆၄၃၅၁** | **LL.B,Advocate** | **LL.B,Advocate** |
| **ဗိုလ်ချုပ်လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အောင်ချမ်းသာရပ်၊** | **စဉ်-၉၂၁၁** | **(စဉ်-၁၅၂၈၇/၂၀၁၉)** |
| **မုံရွာမြို့** | **သစ္စာလမ်းသွယ်(၁၃)၊** | **သစ္စာလမ်းသွယ်(၁၂)၊** |
| | **မြဝတီရပ်၊ မုံရွာမြို့** | **မြဝတီရပ်၊ မုံရွာမြို့** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စယ/၈၂၄၉၉ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူဟန် ၉/လဝန(နိုင်) ၁၆၅၀၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/5958 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5279 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/1074 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စယ/၆၉၀၁၇ လက်ဝယ်ရှိသူ ဦးကျော်ဝေ ၁၀/ကမရ(နိုင်)၁၈၂၁၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ရင်ရင်မြ
## ဆက်သွယ်ရေးမှူး(ငြိမ်း)
## အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ ကျွန်းရှေ့မြိုင်လမ်းသွယ် (၁)၊ အမှတ် (၁၁၄/၃)နေ (ဦးဘိုးမြ-ဒေါ်ဖွားရင်)တို့၏သမီး၊ (ဦးသိန်းမောင်၊ မြို့နယ်ဦးစီးမှူး၊ စာရင်းစစ်ရုံး)၏ဇနီး၊ ဦးစိုးသိန်း-ဒေါ်စိန်မမ၊ ဦးသန်းထိုက်-ဒေါ်တင်တင်ဝင်း၊ ဦးဝင်းလွင်-ဒေါ်မိုးမိုး၊ ဒေါ်စောစောမြင့်၊ ဦးမြတ်ထွေး-ဒေါ်ညီညီဆွေ၊ ဦးမြတ်ထွတ်တို့၏မွေးသမိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်ရင်ရင်မြသည် ၁၇-၁-၂၀၂၂ရက် (တနလ်ာနေ့) နံနက် ၁၂:၃၃ နာရီတွင် အောင်ရတနာဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
# MK-အာအေရှာဟ် ဘီ(ခ)ဒေါ်အမာကြည်
## (ကာဒရီယာရေဖာအီယာ)
## ညောင်တုန်းမြို့
## အသက်(၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ (၄)ရပ်ကွက်၊ (၈)လမ်းနေ ကျားနှစ်ကောင်ဘိလပ်ရည်စက်၊ ရန်ကုန်မုန့်တိုက်နှင့် ကျားငှက်ပျောကြော်လုပ်ငန်းပိုင်ရှင်(မောင်လာနာ ဟာဂျီခလီဖာ MK မာမူးဒ်ကာကာ)(ကာဒရီယာရေဖာအီယာ-ကျစ်သီယာ) (ဒေါ်မရရ်ဟမ်ဘီ(ခ)ဒေါ်အေး)တို့၏ဒုတိယသမီး၊ (MK ခတီချာ(ခ)ဒေါ်စန်းရီ) ကာဒရီယာအာလီယာ၏ညီမ(MK အီစမိုင်အင်ကာကာ)၊ (MK မုဟမ္မဒ်ကာကာ(ခ)ဦးသိန်းအောင်)၊ (ကာဒီရီယာရေဖာအီယာ)-ဒေါ်ရွှေမိ၊ MK အမ်ဒူလာကာကာ(ခ)ဦးရဲထွန်း၊ MK အာမီနာ(ခ)မ မြင့်မြင့်သန်း(B.S.A, ကာဒရီယာအာလီယာ)၊ L.Hj မော်လာနာ MK မုဟမ္မဒ်ကာဆင်ကာကာ(ခ)ဆရာ ဦးမောင်မောင်လွင်(မဒီနီ)(ကာဒရီယာအာလီယာ)၊ ခနိတော ဗလီရှေ့ဆောင် ဆရာနှင့် ဗိုလ်တထောင်မြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်)-မခင်မြတ်ကြူတို့၏ အစ်မ၊ မမာမာသန်း၊ မမူမူသန်း(မြန်မာစာ)၊ မသီတာဝင်း၊ မောင်ပေရယ်ပြုံးမောင်မောင်(PHD၊ ခေတ္တဂျပန်)၊ မသီတာဇော်၊ မအိအိကျော်၊ မအေးမြတ်နန္ဒာ၊ မအေးမြတ်သန္တာ၊ မအေးမြတ်သဥ္ဇာ၊ မခိုင်သီရိမောင်တို့၏အဒေါ်(MK အာအေရှာဟ်ဘီ(ခ)ဒေါ်အမာကြည်)သည် ၁၈-၁-၂၀၂၂ ရက်(အင်္ဂါနေ့) တွင်အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၁-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေဥယျာဉ်၌ ဒါဖနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားအသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/73708, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသိန်းဌေး ၁၄/အမန(နိုင်)၁၀၉၃၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/2904, DAYUNG 110 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးစောလားထူး ၁၄/ကကထ(နိုင်)၂၀၇၃၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးမြင့်
## B.Sc, B.L, BJS (Senior Branch)
## ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ တရားရုံးချုပ်
## အသက် (၉၀)

ရန်ကုန်မြို့နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန-အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်မြင့်-ဒေါက်တာဝင်းမာတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးမြင့် အသက် (၉၀)သည် ၁၇-၁-၂၀၂၂ ရက် (တနလ်ာနေ့) နံနက် ၀၄:၁၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဖယ/၁၄၈၁(ဟွန်ဒါဝေ့စ်) ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူလွင် ၁၃/တကန(နိုင်)၁၁၂၈၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊(တောင်ကြီး)**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည် နေရာချထားသည့်အုပ်စု(RA)-(RA-3)အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၀၇၆၁)၊ ဧရိယာ အကျယ်အဝန်း ပေ (၄၀ x ၆၀)ရှိ မြေကွက်နှင့် တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်း ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၇၇၃/၂၀၂၀)အရ ဦးဝင်းနိုင် ၁၂/တတန(နိုင်) ၀၈၁၁၁၅ အမည်ပေါက်မြေကွက်ဖြစ်ပြီး ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ LL.B (စဉ်-၃၅၇၇၆)**
**အထက်တန်းရှေ့နေ**
**အမှတ်(S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

# အများသိစေရန်ကြေညာခြင်း

ဦးစိန် ၁၂/ရကန(နိုင်)၀၄၄၉၈၉(ကွယ်လွန်)နှင့် ဇနီးဖြစ်သူ ဒေါ်ခင်တင် ၁၂/ရကန(နိုင်)၀၄၆၉၈၈ (ကွယ်လွန်)တို့၏ ကျန်ရစ်ခဲ့သော ပစ္စည်းများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့၊ ကွင်းအမှတ် ၃၄၊ ဦးပိုင်အမှတ် ၁၄/ခ၊ အကျယ် အဝန်း(၄၀x ၆၀)ပေရှိ အမှတ်(၇)(A)၊ မြသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်ရှိ အိမ်ခြံမြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့၊ ကွင်းအမှတ်(၃၄)၊ ဦးပိုင်အမှတ် ၁၅/ခ၊ အကျယ်အဝန်း (၄၀x ၆၀)ပေရှိ အမှတ် ၅/စ၊ မြဝတ်ရည်လမ်း၊ (၁၃)ရပ်ကွက်၊ ကံဘဲ့၊ ရန်ကင်း မြို့နယ်ရှိ အိမ်ခြံမြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကမ္ဘာအေး ဘုရားလမ်း၊ အမှတ် ၅၆၉၊ အခန်း ၁၁၊ A/B၊ (၂)လွှာ၊ (၅)လွှာ၊ (၆)လွှာနှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ခွင့်ရှိသော သား၊ သမီးများဖြစ်သည့် ဒေါ်ခင်မီမီစိန် ၁၂/ရကန(နိုင်) ၀၄၇၅၆၄ ၊ ဦးသက်အောင်ခင် ၁၂/ရကန(နိုင်)၀၆၉၈၁၀၊ ဦးဝေထွဋ်ခင် ၁၂/ရကန(နိုင်)၀၆၁၆၁၇ ၊ ဒေါ်ခင်အိအိစိန် ၁၂/ရကန(နိုင်) ၀၄၄၉၈၈ (၄)ဦးတို့၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲနှင့် အထက်ဖော်ပြပါ တိုက်ခန်း၊ အိမ်ခြံမြေ အဆောက်အအုံများအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ဝင်ရောက်နေထိုင် ကျူးကျော်ခြင်း၊ ပေးကမ်းခြင်းများမပြုလုပ်ပါရန်နှင့် ၎င်းတို့ (၄)ဦး၏ သဘောတူညီချက်၊ခွင့်ပြုချက်မရရှိဘဲ အထက်ပါ ကိစ္စများအား ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ဦး(LL.B)ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၅)**
**အမှတ်(၁၄+၁)၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၈၈၅၆၄**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ကျင်စု
## အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၂၀နေ (ဦးဖိုးခင်)၏ဇနီး၊ ကိုကျော်စိုးလွင်၊ မနီနီဝေ၊ ကိုကျော်စိုးသွင်-မမူမူဝင်း၊ ကိုဝင်းမင်းထွန်း-မသဇင်အေး၊ ကိုမျိုးကျော်-မနှင်းနှင်းဝါ၊ ဒေါက်တာထက်မြက်ထွန်း-မမြတ်မြတ်သင်း၊ ကိုကျော်ဇေယျာဦး-မအေးသီသီဝင်း၊ ဒေါက်တာကုဋေဌေး-ဒေါက်တာ ချိုချိုအောင်၊ ကိုအောင်သူ-မသူဇာအေး၊ ကိုကျော်မင်းသူ-မနှင်းသီတာဝင်း၊ ကိုကျော်ဝင်းမင်း၊ ဒေါက်တာစည်သူဖြိုး၊ ကိုဝေယံချစ်ဦး၊ ဒေါက်တာ သူရဇော်၊ ဒေါက်တာ ထွန်းနိုင်လင်း၊ ကိုမြတ်သူ၊ ကိုရဲကျော်ဦး၊ မသွယ်မာဦး၊ မအေးအေးအောင်၊ မမီမီချို၊ မလွဲ့လွဲ့ထွန်း၊ မသဥ္ဇာအောင်တို့၏ အဘွား၊ မြစ် ရှစ်ယောက်တို့၏ အဘွားသည် ၁၇-၁-၂၀၂၂ရက် (တနလ်ာနေ့) နံနက် ၇:၀၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ကျင်စု
## အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၂၀နေ (ဦးဖိုးခင်)၏ဇနီး၊ ဦးစွတ်တင်(ခ)ဦးအန်တက်-ဒေါ်လှလှအေး၊(ဦးမောင်စိန်)-ဒေါ်တင်တင်အေး၊ (ဦးချစ်ဦး-ဒေါ်ခင်မာဝင်း)၊ ဦးချစ်သိန်း-ဒေါ်နွဲ့နွဲ့၊ ဦးမောင်မြင့်-ဒေါ်ခင်မြင့်အေး၊ ဦးချစ်သန်း-ဒေါ်အေးအေးရီ၊ ဦးစန်းဝင်း-ဒေါ်ခင်စန်းဌေးတို့၏ မိခင်သည်၁၇-၁-၂၀၂၂ရက် (တနလ်ာနေ့) နံနက် ၇:၀၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်နှင်းအေး(ခ)ဒေါ်ရိုစလင်း
## အသက်(၈၄)နှစ်

ပုသိမ်မြို့၊ မြေနုလမ်းနေ(ဦးဖီးယား-ဒေါ်ရှုကီ)တို့၏ သမီး၊ တိုက်ကြီးမြို့နေ (ဦးဘေချူး-ဒေါ်ခင်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် ၅၁နေ (ဒေါက်တာ ခင်မောင်လတ်)၏ချစ်လှစွာသော ဇနီး၊ ဦးလင်းအောင်သက်-ဒေါ်သစ်သစ်ဦး၊ ဒေါက်တာ မီမီသက်(သားဖွားမီးယပ်)တို့၏ ချစ်လှစွာသော မိခင်၊ မောင်ဟိန်းလင်းထက်၊ မစုမြတ်မိုးထက်တို့၏ ချစ်လှစွာသော ဘွားဘွားသည် ၁၈-၁-၂၀၂၂ရက်(အင်္ဂါနေ့)နံနက်၉:၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၀-၁-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဒေါ်စန်းလွင်
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ခြံအမှတ်(၂၉၊ ၈၅)နေ (ဦးဘထွန်း-ဒေါ်အေးကြည်)တို့၏သမီးကြီး၊ ဒေါ်ဝင်းမြ-ဦးလှစိန်၊ ဒေါ်ဝင်းပိုလ်-(ဦးသခင်)တို့၏အစ်မကြီး၊ ဦးမောင်တင်၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်ကျော်မြင့်)၊ ဒေါ်သီတာဆွေ-ဦးဘုန်းကြွယ်တို့၏ ချစ်လှစွာသော မွေးမိခင်၊ မြေးသုံးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၇-၁-၂၀၂၂ရက် ည ၆:၃၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၂ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၆၉၈၈ DACATJ 900 (M/C) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်သီတာဦး ၉/ခအဇ(နိုင်)၀၀၀၇၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/3005, Toyota Hilux Surf YZN 185, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၁/မညန (နိုင်)၀၇၂၇၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ဆည်မြို့၊ ကံဦးရပ်နေ ဦးသိန်းထွန်း ၉/ကဆန(နိုင်) ၀၂၇၃၆၁ နှင့် ဒေါ်တင်တင်နွဲ့ ၉/ကဆန(နိုင်)၀၂၇၃၆၂တို့၏ သား မောင်ငြိမ်းသူထွန်း ၉/ကဆန(နိုင်) ၁၆၁၁၆၀သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**မိဘများ- ဦးသိန်းထွန်း-ဒေါ်တင်တင်နွဲ့**

## ဒေါ်ရီရီတင့်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခင်ခင်အုန်း ၁၂/လသန(နိုင်)၀၀၆၄၄၇ နှင့် ဒေါ်ဘေဘီထွန်း PZDG-000412 အပါအဝင် ဒေါ်ရင်ရင်နု(ကွယ်လွန်)၊ ဒေါ်တင်တင်အေး၊ ဦးသောင်းညွန့်၊ ဒေါ်ရီရီတင့်တို့သည် ဖခင် ဦးသန့်ဇင်(ခ)ဦးဟုတ်စိန်နှင့် ဒေါ်ညွန့်ညွန့်တို့၏ သားသမီးများဖြစ်ကြပြီး မိဘများ ကွယ်လွန်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သစ္စာလမ်းရှိ အိမ်အမှတ် ၃၁၅(ခ)(၆)ထပ်တိုက်နှင့် ယင်းတိုက်တည်ရှိရာ (အလျားx အနံ)(၂၀x၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် မိခင်ဖြစ်သူ၏ ရွှေငွေ လက်ဝတ်လက်စားများ ကျန်ရှိခဲ့ပြီး အဆိုပါ ပစ္စည်းများအားလုံးသည် ဒေါ်ရီရီတင့် လက်ဝယ်၌ ထိန်းသိမ်းထားလျက်ရှိရာ ယင်းပစ္စည်းများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများအကြား တစ်စုံတစ်ရာ ခွဲဝေရယူကြခြင်းမရှိသေးသဖြင့် ဒေါ်ရီရီတင့် အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အမည်ပြောင်းလဲခြင်းမှအစ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန်နှင့် ထိုကဲ့သို့ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးမျိုးညွန့်LL.B**
**တရားလွှတ်တော်ရှေ့နေ(၈၇၂၆)**
**အမှတ် ၁၀၈၊ ၁၁လမ်း၊ (၁၀)ရပ်ကွက်၊ ဖျာပုံမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊၀၉-၇၈၈၂၀၄၁၂၁**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးတင်ရှိန်
## စက်မှုလယ်ယာ (ငြိမ်း)
## အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေလမ်း၊ ရွှေငါးခြံနေ (ဦးအောင်ရွှေ-ဒေါ်စောရီ)တို့၏သား၊ (ဒေါ်စန်းစန်းမြင့်)၏ ခင်ပွန်း၊ ကိုပြည့်ဖြိုးအောင်၊ ကိုတေဇာတို့၏ဖခင်ဖြစ်သူ ဦးတင်ရှိန် (စက်မှုလယ်ယာ-ငြိမ်း)သည် ၁၆-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ၁၈-၁-၂၀၂၂ရက် (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၂၂ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးရဲနိုင်အောင်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)-ဒေါ်ခိုင်သန္တာညွန့်တို့၏မိခင်ကြီး ဒေါ်လ္လနွှစာရီ (ဒေါ်ခင်မြင့်မြင့်) အသက်(၇၀)နှစ်သည် ၁၇-၁-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**
**အပတ်စဉ်(၃၈)သူငယ်ချင်း မိသားစုဝင်များ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၅၃၆-က)ဟုခေါ် တွင်သော (အလျား ၂၀ x အနံ ၆၀)ပေ အကျယ်ရှိ မြေကွက်ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သည်ဟု ပြောဆိုသူ ဒေါ်နန္ဒာထက်အောင် ၁၄/ကလန(နိုင်) ၀၈၆၃၃၃ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပါသည်။ ထို့ကြောင့် ယင်းမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခဲ့ခြင်းမရှိပါက ယင်းမြေကွက်အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမိုးအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၁၆၁)(၂၇-၁၀-၂၀၁၇)**
**အမှတ်(၂၇)၊ မြေညီထပ်၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၅၉၃၈၅၃၄၄၊ ၀၉-၆၇၆၀၉၅၆၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၃၂၈၁၃)၊ အကျယ်အဝန်း ပေ(၈၀x၈၀)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိမြေကွက်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဖြိုးဝေကျော် (ဘ)ဦးခင်မောင်ကျော် ၁၂/လမတ(နိုင်)၀၃၀၂၃၂အမည်ဖြင့် ချထားပေးသော မြေကွက်အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ဇော် ၉/မထလ(နိုင်) ၂၇၂၅၀၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်ဦး ၁၂/ဒဂမ(နိုင်)၀၁၂၇၉၉က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထိုက် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၁၆)**
**ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်နှင့် လက်ကိုင်ဖုန်း Hand Set ၁၇၀၀ ကျော် ဖမ်းဆီးရမိ



တရားမဝင် ဖမ်းဆီးရမိသည့် လက်ကိုင်ဖုန်းများကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်တွင် စုံစမ်းစစ်ဆေးရေးအရာရှိ (မန္တလေး)နှင့် စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာနမှ မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီး (၂၁/၃)မိုင်ခန့်တွင် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒

## ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ UAB ဘဏ်အား သေနတ်အတုဖြင့် ဝင်ရောက်လုယက်သူ ဒုစရိုက်သမား တစ်ဦးကို ဘဏ်ဝန်ထမ်းနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်းဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဝိသမလောဘဒုစရိုက်သမားများ အနေဖြင့် နိုင်ငံတော်အတွင်း နေရာဒေသအချို့၌ လတ်တလောဖြစ်ပေါ်နေသော အခြေအနေများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်ဖောက်ခွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကြောင့် အပြစ်မဲ့ပြည်သူများအကြားတွင် စိုးရိမ်ကြောက်ရွံ့မှုများ ဖြစ်ပေါ်ကာ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းလာခြင်းအပေါ် အခွင့်အရေးတစ်ရပ်အနေဖြင့် အသုံးချကာ လက်နက်များ/ လက်နက်(အတုများ) အသုံးပြု၍ ဘဏ်နှင့် ရွှေဆိုင်အချို့အား

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖

## အာဆီယံ ယူ-၂၃ ပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်နေ



မြန်မာ ယူ-၂၃ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။ ဓာတ်ပုံ-MFF

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာ ယူ-၂၃ အသင်းသည် ယခုနှစ်ဝက်မတိုင်မီ ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲ နှစ်ခုကို နှစ်လသာခြား၍ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် တစ်ပေါင်းတည်းပြင်ဆင်နေခြင်းဖြစ်ပြီး အာဆီယံပြိုင်ပွဲအပြီးတွင် ရက်ပိုင်းသာနားကာ ဆီးဂိမ်းအတွက် ဆက်လက်ပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ပဏာမ

*စာမျက်နှာ ၁၁ ကော်လံ ၄* ❍




## ဖီဖာမှပေးအပ်ချီးမြှင့်သည့် ၂၀၂၁ ခုနှစ် အကောင်းဆုံးကစားသမားဆု လီဝမ်ဒေါစကီး ဆွတ်ခူး

ဘိုင်ယန်မြူးနစ်နှင့် ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ဖီဖာမှပေးအပ်ချီးမြှင့်သည့် ၂၀၂၁ ခုနှစ် အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပြက္ခဒိန်တစ်နှစ်အတွင်း ၆၉ ဂိုး သွင်းယူနိုင်ခဲ့သော အသက် ၃၃နှစ်အရွယ်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❂

## ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၆၃ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၁ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၅၁ % |

ယနေ့ သတင်းအညွှန်း

မိုးယွန်းကြီးအင်းတွင် မှတ်တမ်းမတင်ရသေးသည့် ကြိုးကြာခေါင်းမည်း ၄က်မျိုးစိတ်သစ်တွေ့ရှိ ပြည်တွင်းသတင်း စာ - ၈

အလုပ်သမားဈေးကွက်ဖွံ့ဖြိုးမှုသာ ကိုဗစ်ကြောင့်ပြိုလဲနေတဲ့ ကမ္ဘာကြီးကို ကယ်တင်နိုင်မယ် နိုင်ငံတကာရေးရာ စာ - ၁၄